# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၃၆၁)



## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့်ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး Mr. Hu Dapeng နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး Mr. Hu Dapeng နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၉

ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑


**ယနေ့ ဖတ်စရာ**

**ကမ္ဘာနှင့်အဝန်း အားသွန်ခွန်စိုက် ဖြည့်ကျင့်စီမံဆောင်ရွက်ရမည့် သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး** — ဆောင်းပါး စာ ၆

**မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်** — ပြည်တွင်းသတင်း စာ ၇



**အင်ဒိုနီးရှားနိုင်ငံ စားနပ်ရိက္ခာဖူလုံရေးအတွက် စပါးစိုက်ရေိယာများ တိုးချဲ့ဖော်ဆောင်** — နိုင်ငံတကာသတင်း စာ ၁၄

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ရုရှားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym–Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားကြသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများပြန်လည်လိုက်ပါလာခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr . Iskander Azizov၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်ကြစဉ်။

❑ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ လိုက်ပါလာသည့် အထူးလေယာဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၊ ကူမင်းလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီ ကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး Mr. Hu Dapeng၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xiju နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

### အမြင်ချင်းဖလှယ်

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီ ကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူးတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးရာတွင် တရုတ်နှင့်မြန်မာသည် ခိုင်မာသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်သည့် အခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေး အပါအဝင် သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်တိုင်း ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆက်လက်၍လည်း လိုအပ်သည်များကို ကူညီပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ တရုတ်–မြန်မာ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးအတွက် နှစ်နိုင်ငံ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ တရုတ်–မြန်မာ စီးပွားရေးစင်္ကြံတွင်ပါဝင်သည့် စီမံကိန်းများ၊ သဘောတူညီချက်များကို အမြန်ဆုံး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ကူးလူးဆက်ဆံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် ပြည်သူနှစ်ရပ်အကြား အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

### ပို့ဆောင်နှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား

နေပြည်တော် စက်တင်ဘာ ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီဒီယာများ၏ မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။

ထိုသို့အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့ရာ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဖော်ပြအပ်ပါသည်-

**မေး ။ ။ ယာယီသမ္မတကြီးအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Atom Museum မှာ ကျင်းပပြုလုပ်ခဲ့တဲ့ "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic week forum)" ကို တက်ရောက်ခဲ့ရတာကြောင့် မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအပေါ်မှာ ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲ။ နိုင်ငံတော်အတွက် ဘယ်လိုကဏ္ဍတွေမှာ အကျိုးရလဒ်ကောင်းတွေကို ဖော်ဆောင်လို့ ရနိုင်မလဲဆိုတာ သိလိုပါတယ်။**

**ဖြေ ။** ။ မော်စကိုမြို့မှာပြုလုပ်တဲ့ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic week forum) ကိုတက်ရောက်ဖို့အတွက် သမ္မတကြီးပူတင်ရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်သွားတာဖြစ်ပါတယ်။ အဲဒီမှာတော့ သမ္မတကြီးပူတင်၊ ဘယ်လာရုစ်သမ္မတ၊ အာမေးနီးယားဝန်ကြီးချုပ်၊ အီသီယိုးပီးယားဝန်ကြီးချုပ်၊ အခြားခေါင်းဆောင်များ၊ IAEA ရဲ့ ညွှန်ကြားရေးမှူးချုပ်တို့ သူတို့နဲ့တွေ့ဆုံပြီးတော့မှ နှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်တဲ့အခြေအနေတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီညီလာခံဟာ ထူးခြားတဲ့ ညီလာခံတစ်ခုလည်း ဖြစ်ပါတယ်။ အဓိက ကတော့ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးနဲ့ပတ်သက်ပြီးတော့ အမြင်ချင်းဖလှယ်ကြတာလည်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့လည်း IAEA အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့အတွက်ကြောင့် အဏုမြူစွမ်းအင်ကို လူသားအကျိုးပြုလုပ်ငန်းတွေမှာ အသုံးပြုနိုင်အောင် အမြင်ချင်းဖလှယ်တာလည်း ဖြစ်ပါတယ်။ ရရှိခဲ့တဲ့ အကျိုးရလဒ်ကတော့ တော်တော်လေးကောင်းတယ်လို့ ပြောရမှာဖြစ်ပါတယ်။

**မေး ။ ။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ကာဇက်စတန်သမ္မတနိုင်ငံ ခရီးစဉ်အတွင်းမှာ ယာယီသမ္မတကြီးအနေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရရှိအောင်ဆွေးနွေးနိုင်ခဲ့ပါသလဲဆိုတာ သိရှိလိုပါတယ်။**

**ဖြေ ။** ။ ရုရှားသမ္မတကြီး ပူတင်နဲ့ သီးခြားတွေ့ဆုံနိုင်ခဲ့တာရှိပါတယ်။ မတ်လမှာ တွေ့ဆုံခဲ့ပြီးဖြစ်ပြီးတော့ တွေ့ဆုံခဲ့တဲ့ ရလဒ်တွေကိုမူတည်ပြီးတော့ တိုးတက်မှုအခြေအနေတွေ၊ ဒါတွေကို နှစ်ဖက်သုံးသပ်ပြီးတော့ ဒီထက်ပိုပြီးတော့မှ ဒီထက်ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့က ကူးသန်းရောင်းဝယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးကိစ္စ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အာကာသနဲ့ အဏုမြူဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။

အလားတူစွာပဲ ကာဇက်စတန်ကိုရောက်ရှိတဲ့အခါမှာလည်း ကာဇက်စတန်သမ္မတကြီးနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါလည်း ဒုတိယအကြိမ်ဆွေးနွေးတာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လက တစ်ခါဆွေးနွေးပြီးဖြစ်ပါတယ်။ ပထမအကြိမ် ဆွေးနွေးခဲ့တဲ့ရလဒ်အပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ဘယ်ကဏ္ဍတွေမှာ ပိုပြီးတိုးချဲ့ဖို့လိုမလဲ။ မြန်မာနိုင်ငံမှာ ဘာကိုရင်းနှီးမြှုပ်နှံမှုလုပ်မလဲ။ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတွေ အသုံးပြုပြီးတော့မှ ကာဇက်စတန်နိုင်ငံမှာ တန်ဖိုးမြင့်ပစ္စည်းတွေ ဘယ်လိုထုတ်လုပ်ကြမလဲ။ သိပ္ပံနဲ့နည်းပညာဆိုင်ရာကဏ္ဍတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ မြို့ပြဆိုင်ရာကိစ္စတွေမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ ဒါတွေလည်း ကျွန်တော်တို့ ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ကောင်းမွန်တဲ့ရလဒ်တွေရခဲ့တယ်လို့ ပြောလိုပါတယ်။

**မေး ။ ။ ယာယီသမ္မတကြီးအနေနဲ့ ကာဇက်စတန်နိုင်ငံကို ပထမဦးဆုံးလာရောက်တဲ့ မြန်မာနိုင်ငံက ခေါင်းဆောင်တစ်ဦးဖြစ်တယ်လို့ သိရှိရပါတယ်။ အနာဂတ်ကာလများမှာလည်း မြန်မာနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ပိုမိုတိုးတက်ဆောင်ရွက်ဖို့ ရှိပါသလားဆိုတာ သိရှိလိုပါတယ်။**

**ဖြေ ။** ။ စောစောက ကျွန်တော်ပြောသလို၊ ကာဇက်စတန်သမ္မတနဲ့ကတော့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းပဲ ဖြစ်ပါတယ်။ ကာဇက်စတန်နဲ့ ကျွန်တော်တို့က သံတမန်ဆက်ဆံမှုက ၂၆ နှစ် ရှိပါပြီ။ ပြီးခဲ့တဲ့ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်နေ့က သံတမန်ဆက်ဆံမှုလုပ်ခဲ့တာဖြစ်ပြီး ကျွန်တော်ရောက်တဲ့နေ့က ၂၇ ရက်နေ့ ဖြစ်ပါတယ်။ အဲဒီတော့ ၂၆ နှစ်ပြည့်ပြီး တစ်ရက်မှာရောက်တာပေါ့။ ထူးခြားမှုရှိပါတယ်။ သူတို့သမ္မတကြီးကလည်း ဒါကို အလေးထားပြီးပြောပါတယ်။ မြန်မာနိုင်ငံ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ပထမဦးဆုံးလာတဲ့ခရီးစဉ်ဖြစ်တယ်။ New Step ခြေလှမ်းသစ်တစ်ခုကိုစခဲ့တယ်ဆိုတာလေး သူပြောတာပေါ့။ စောစောက ကျွန်တော်ပြောသလိုပဲ နှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွေမှာ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေး၊ နောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်တွေ၊ သိပ္ပံနှင့်နည်းပညာကိစ္စရပ်တွေ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ၊ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စရပ်တွေ ဒါတွေ ကျွန်တော်တို့ ပြောဆိုဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ ကာဇက်စတန်နိုင်ငံက တိုးတက်တဲ့နိုင်ငံတစ်ခုဆိုတာ မြင်ပါတယ်။ အဓိက ကတော့ မြေပေါ်မြေအောက်သယံဇာတပစ္စည်းတွေ။ အထူးသဖြင့် မြေအောက်သယံဇာတပစ္စည်းတွေ ရေနံနဲ့ဓာတ်ငွေ့တို့ ကြေးနီ၊ ရွှေ ခရိုမီယမ်၊ သံ တော်တော်လေးထွက်ပါတယ်။ ကမ္ဘာမှာလည်း ထိပ်တန်းတင်ပို့တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလည်းလုပ်တဲ့ နိုင်ငံတစ်ခုပါ။ သူတို့နိုင်ငံက ဂျုံက ကမ္ဘာမှာ အကောင်းဆုံး ဂျုံထဲမှာပါတာ တွေ့ပါတယ်။ ဒါလည်း နမူနာသုံးစွဲကြည့်ပြီး ဖြစ်ပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းထဲမှာလည်း အဓိကတော့ ပေါ်ဆန်းမွှေးဆန်ပေ့ါ။ ပေါ်ဆန်းမွှေးဆန်ကို တော်တော်လေးစိတ်ဝင်စားပါတယ်။ ကျွန်တော်လည်း ဒါနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံကလည်း ဘယ်လိုလမ်းကြောင်းကနေ သူတို့ဆီ ပို့မလဲပေ့ါ။ ဒီဟာတွေ ဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တွေ့ဆုံနိုင်ခဲ့မှုအခြေအနေကတော့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကို နှစ်ဦး နှစ်ဖက်ကနေ စိတ်အားထက်သန်စွာနဲ့ တိုးချဲ့ဆောင်ရွက်သွားဖို့ဆန္ဒရှိတာ တွေ့ရပါတယ်။

**မေး ။ ။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ဆောက်တဲ့အခါ နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ အဘက်ဘက်မှ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်သူပြည်သားများအနေနဲ့လည်း အားတက်သရော ဘယ်လို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသင့်သလဲဆိုတာ ယာယီသမ္မတကြီးအနေနဲ့ ပြောပြပေးပါဦးရှင့်။**

**ဖြေ ။** ။ အဓိကတော့ ကျွန်တော်တို့က ဘက်ပေါင်းစုံက ကြိုးစားဖို့လိုတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုတွေလည်း ပြည်ထောင်စုရဲ့အကျိုးကို ရည်မှန်းပြီးတော့ အမြင်ကျယ်ကျယ်နဲ့ လုပ်ဖို့လိုတယ်။ တချို့ပြောဆိုနေကြတာတွေက တော်တော်လေးကို အားနည်းချက်တော့ ရှိတယ်လို့ ကျွန်တော်မြင်တယ်။ အဓိကတော့ သူတို့ နိုင်ငံရေးအရ ဘာသာရေးအရ တိုင်းရင်းသားရေးအရ တချို့ပြောဆိုနေတာလေးပေ့ါ။ ပြောဆိုတာလေးတွေက ဒီထက်ပိုပြီး အမြင်ကျယ်ကျယ်နဲ့ ပြောဆိုလုပ်ကိုင်မယ်ဆို ပိုကောင်းမယ်လို့ ကျွန်တော်မြင်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့တွေ ကြိုးစားအားထုတ်မှုလည်း လိုတယ်။ ကြိုးစားအားထုတ်တာက နှစ်ပိုင်းပေ့ါ။ တစ်ခုကတော့ ပညာသင်ကြားရေးအပိုင်းကို သွားရမယ်။ ဒါက ငြင်းပယ်လို့မရဘူး။ ပကတိတိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့အခြေအနေက ပညာရေးအားနည်းချက်ရှိတယ်လို့ ပြောရမှာပဲ။ ဒုတိယက ဘာလဲဆိုရင် ကုန်ထုတ်လုပ်မှု၊ အလုပ်လုပ်ဖို့ လိုတာပေ့ါ။ ဒီနှစ်ခု ကျွန်တော်တို့ လုပ်ကိုလုပ်ရမယ်။ ကျွန်တော်ပြောခဲ့ဖူးပါတယ်။ အဲဒါ ဘာလဲဆိုတော့ အရင်တုန်းက ကျွန်တော်တို့က သယံဇာတပစ္စည်းတွေအပေါ်မှာပဲ ရောင်းတာပေ့ါ။ တွင်းထွက်ပစ္စည်းတွေ၊ ရေနံဓာတ်ငွေ့တွေ ရောင်းတာရှိမယ်။ နောက်တစ်ခါ သစ်တောထွက်ပစ္စည်းတွေ ရောင်းတာရှိမယ်။ ဒါပေမယ့် ကျွန်တော်တို့က အလုပ်လုပ်ပြီး ထုတ်လို့ရတဲ့ပစ္စည်း တင်ပို့ရောင်းချမှုက အားနည်းပါတယ်။ ဒါ ကျွန်တော်က ထောက်ပြပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့က ကျွန်တော်တို့ဆီမှာရှိတဲ့ ရေမြေတောတောင်တွေကို အသုံးချပြီးတော့မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို သွားဖို့လိုတယ်။ အဲဒါတော့ ခိုင်မာတဲ့လုပ်ငန်းပဲ။ ခုနက သယံဇာတထုတ်ရောင်းတယ်ဆိုတာ ခိုင်မာတဲ့လုပ်ငန်းတော့ မဟုတ်ဘူး။ ခိုင်မာတဲ့လုပ်ငန်းဆိုတာ အလုပ်လုပ်ဖို့လိုတယ်။ ကျွန်တော် ကာဇက်စတန်သွားတဲ့အချိန်မှာ သတိပြုမိတာရှိတယ်။ ကျွန်တော်တို့က GDP မှာ သုံးခု ဖော်ပြပါတယ်။ ဘာလဲဆိုတော့ စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးပေ့ါ။ သူတို့က စိုက်ပျိုးရေးကဏ္ဍ တော်တော်နည်းတာတွေ့တယ်။ စက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍကတော့ တော်တော်လေး များတာတွေ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍက ၂၀ ရာခိုင်နှုန်းလောက်ရှိတာပေ့ါ။ သူတို့လည်း သတိပြုမိမယ်ထင်ပါတယ်။ အခု သူတို့လည်း စိုက်ပျိုးရေးတွေ၊ ကုန်ထုတ်လုပ်မှုတွေ တော်တော်လေး အားပေးနေတာ တွေ့ပါတယ်။ သူတို့နိုင်ငံမှာ လာရောက်အလုပ်လုပ်ကိုင်မယ်ဆိုရင် ချက်ချင်းကို တိုတောင်းတဲ့ကာလအတွင်းမှာ ခွင့်ပြုပေးတယ်လို့ ပြောတယ်။ ကျွန်တော်တို့ဆီမှာလည်း ကုန်ထုတ်လုပ်မှုနဲ့ပတ်သက်ရင် လူတိုင်းက စိတ်ဝင်စားဖို့လိုတယ်။ အရောင်းအဝယ်ထက် ကုန်ထုတ်လုပ်မှုကို အရင်စလုပ်ပြီးတော့ ကုန်ထုတ်လုပ်မှုကတစ်ဆင့် တိုင်းပြည်ဝင်ငွေကို ရအောင်ရှာရမှာ ဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်အနေနဲ့ သတိပြုမိဖို့လိုတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**မေး ။ ။ ယခုခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်ဖြစ်ခဲ့ပြီး ယာယီသမ္မတကြီးအနေနဲ့ နေ့မအား၊ ညမနား ဆောင်ရွက်ခဲ့တာတွေကို မြင်တွေ့ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းသာမိပါတယ်ရှင့်။ ယာယီသမ္မတကြီးအနေနဲ့လည်း ဒီခရီးစဉ်နဲ့ပတ်သက်ပြီးတော့ အောင်မြင်မှုတွေကို ပြောပြပေးပါဦးရှင့်။**

**ဖြေ ။** ။ အောင်မြင်တဲ့ ခရီးစဉ်ပါဗျ။ ရုရှားနိုင်ငံကို ကျွန်တော် တို့ သွားတဲ့အချိန်မှာ အဏုမြူကိစ္စနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ နောက်တစ်ခါ အာကာသနဲ့ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ဒီနှစ်ခုကို သဘောတူညီချက် ယူခဲ့တာရှိပါတယ်။ အဲဒါလည်း နိုင်ငံအတွက် ခြေလှမ်းသစ်တွေ စပြီး ချလိုက်တာပေ့ါ။ နောက်တစ်ခုက ကာဇက်စတန်နိုင်ငံပေ့ါ။ ကာဇက်စတန်နိုင်ငံက တရားဝင်လွတ်လပ်ရေးရတာတော့ ၁၉၉၁ ခုနှစ် နောက်ပိုင်းကျမှ

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

လွှတ်လပ်ရေးရတာပါ။ ဒါပေမယ့် သမိုင်းကြောင်း အခြေခံက အများကြီးရှိခဲ့ပါတယ်။ သူ့ရဲ့ လူသားအရင်း အမြစ် သဘာဝအရင်းအမြစ်တွေကို အသုံးချပြီး လုပ်တဲ့အခါမှာ အခုတိုးတက်မှုတွေက မျက်ဝါး ထင်ထင် မြင်ရတာပေါ့။ ဒီလိုပဲ အက်စတာနာမြို့တော် တည်လာတာ ကျွန်တော်တို့ နေပြည်တော်ထက် နည်းနည်းလေးပဲ စောပါတယ်။ ဒါပေမယ့် သူတို့ ကတော့ မြေအနေအထား အတော်လေးသေးတဲ့ အတွက်ကြောင့် တည်ဆောက်ရေးက အတော်လေး အားရတာပေါ့လေ။ အတုယူစရာတွေ တွေ့တာပေါ့။ ကျွန်တော် သွားကြည့်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံ လည်း ဒီလိုမျိုးတိုးတက်တဲ့ မြို့ပြတည်ဆောက်မှုတွေ ဘယ်လိုလုပ်ကြမလဲဆိုတာလည်း စဉ်းစားလုပ်ကိုင် လို့ရတာပေါ့။ ဒါကလည်း အောင်မြင်မှုလို့ ကျွန်တော် ပြောချင်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ဒီရေတောစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင် ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ဒီရေတောစိုက်ခင်းများ ရှင်သန် အောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့် အတူ ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်း အကွက် ၄၇ ရှိ ၄/၂၀၁၈ ကျေးရွာထင်းစိုက်ခင်းဧက ၁၀၀ ရှင်သန်အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထားသောအပင်များ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ထို့နောက် ကဒုံကနိကြိုးဝိုင်းအကွက် ၄၉ ရှိ ဖြိုးမွေးကျွန်းပျိုးဥယျာဉ်အတွင်း ဒီရေတောပျိုးပင်များ ပျိုးထောင်နေမှုနှင့် ဖြိုးမွေးကျွန်းအတွင်း သဘာဝ ဒီရေတောအား ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ပြန်လည် ကောင်းမွန်လာရေးနှင့် သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိရာ သဘာဝဒီရေတောများ ထိန်းသိမ်းကာကွယ် ရေးနှင့် ဒီရေတောစိုက်ခင်းများ ထပ်မံတိုးချဲ့ တည်ထောင်ရေးသည် အရေးကြီးသော အခန်းကဏ္ဍ တွင် ပါဝင်ကြောင်း၊ သဘာဝဒီရေတောများနှင့် ဒီရေတောစိုက်ခင်းများကို ထိန်းသိမ်းစောင့်ရှောက် ခြင်းဖြင့် ရာသီဥတုဖောက်ပြန်မှုကို လျော့ကျစေခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် ဖြစ်ပေါ် လာမည့် ထိခိုက်ပျက်စီးမှုများကို အဟန့်အတား ဖြစ်စေခြင်း၊ ငါးပုစွန်တို့ ပေါက်ပွားရာနေရာများ တိုးပွားလာစေခြင်း၊ ဒေသခံများ၏ လူနေမှုဘဝ တိုးတက်လာစေရန် အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည့်အတွက် ဒေသခံများအနေဖြင့် မိမိဒေသရှိ ဒီရေတောများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက် သွားရန် မှာကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ပင်လယ်ကမ်းရိုး တန်းနှင့် ဒီရေရောက်ဒေသများတွင် ပင်လယ်ရေ မျက်နှာပြင်မြင့်တက်မှု၊ ကမ်းရိုးတန်းရေတိုက်စားမှု နှင့် မုန်တိုင်းဒဏ်ကာကွယ်ရန်၊ ရေနေသတ္တဝါများ၏ ဂေဟစနစ်ကို အကာအကွယ်ပေးနိုင်ရန်အတွက် လမုပင်နှင့် အုန်းပင်များ တိုးမြှင့်စိုက်ပျိုးနေမှု အခြေ အနေများကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ကဒုံကနိကြိုးဝိုင်း အကွက် အမှတ် ၆၄ ရှိ ၁/၂၀၁၇ ဒီရေတောစိုက်ခင်းဧက ၈၅၀ ရှင်သန်အောင်မြင်နေမှုနှင့် ထိန်းသိမ်းစောင့်ရှောက် ထားမှုကိုလည်းကောင်း၊ အကွက်အမှတ် ၆၃ ရှိ၁/၂၀၀၉ ဒီရေတောစိုက်ခင်းဧက ၅၀၀ ရှင်သန်အောင်မြင်မှု ကို လည်းကောင်း၊ အကွက်အမှတ် ၆၂ ရှိ ၃/၂၀၂၅ ဒီရေတောစိုက်ခင်းဧက ၂၀၀ စိုက်ပျိုးပြီးစီးမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူ များ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ဒီရေတောဖုံးလွှမ်းမှုဧရိယာ ဧက စုစုပေါင်း ၁ ဒသမ ၂၆ သန်းရှိပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဒီရေတောဖုံးလွှမ်းမှုဧရိယာဧက ၁ ဒသမ ၂ သိန်းခန့်တိုးတက်လာသည်ကို တွေ့ရှိရပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ဒီရေတောစိုက်ခင်းဧက ၂၃၀၀၊ အပင် ၂ ဒသမ ၇၈ သန်း တည်ထောင်စိုက်ပျိုး လျက်ရှိကြောင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီမှစတင်၍ ဒီရေတောစိုက်ခင်းဧက ၃၃၀၀၊ အပင် လေးသန်းခန့် တိုးချဲ့တည်ထောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "Strengthening Sustainable Value Chain in Natural Rubber Production through Responsible Practices" အပြည်ပြည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

ရော်ဘာတန်ဖိုး ကွင်းဆက် တစ်လျှောက် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာနှင့် လူမှုစီးပွားရေး ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်း ရေး အစီအမံများ၊ ပွင့်လင်းမြင်သာ မှုနှင့် နောက်ခံအချက်အလက် ချိတ်ဆက်ခြေရာခံနိုင်မှုစနစ်များ ရေရှည်တည်တံ့ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အလေ့အကျင့် ကောင်းများ လိုက်နာဆောင်ရွက် မှုအတွေ့အကြုံများကို IRRDB အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း မျှဝေဖလှယ်ရန် ရည်ရွယ်ကျင်းပ သည့် "Strengthening Sustainable Value Chain in Natural Rubber Production through Responsible Practices" အပြည်ပြည်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ Zealax Hotel Yangon ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စိုက် ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဝန်ကြီးဌာန များမှ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ IRRDB အဖွဲ့ဝင်နိုင်ငံများ မှ ပညာရှင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ မြန်မာ့ သဘာဝရော်ဘာရေရှည်တည်တံ့ မှုဖော်ဆောင်ရေးအသင်း၊ မြန်မာ့ ရော်ဘာလုပ်ငန်းရှင်များ၊ ရော်ဘာ လုပ်ငန်းနှင့်ပတ်သက်သော အသိ ပညာရှင်၊ အတတ်ပညာရှင်



များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယ ဝန်ကြီးက IRRDB အဖွဲ့ဝင်နိုင်ငံ များအတွင်း အလေ့အကျင့် ကောင်းများ၊ အတွေ့အကြုံများ ဝေမျှခြင်း၊ စံချိန်စံညွှန်းသတ်မှတ် ချက်များ ကိုက်ညီအောင် ညှိနှိုင်း ဆောင်ရွက်ပြီး EUDR စံနှုန်းများ နှင့်ကိုက်ညီသည့် ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုဖြစ်အောင် ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပူးပေါင်းချိတ်ဆက် တည်ဆောက် ထားသည့် လူ့စွမ်းအားအရင်း အမြစ်တိုးတက်ရေးဆိုင်ရာ အစီ အစဉ်များနှင့် မူဝါဒချိန်ညှိမှုများက သစ်တောပြုန်းတီးမှု အန္တရာယ် များကို စုပေါင်းဖြေရှင်း ကာကွယ် နိုင်စေမည်ဖြစ်ကြောင်း၊ အလား တူ အရည်အသွေးအာမခံချက် ကို ထိခိုက်စေသည့် ဒေသ တွင်း အရည်အသွေးနိမ့်ကျသော ရော်ဘာများကို ဈေးနှုန်းချိုသာစွာ ရောင်းဝယ် ဖောက်ကားနေမှု ကို စုပေါင်းထိန်းချုပ်ကြရမည် ဖြစ်ကြောင်း။

**တိုက်တွန်းပြောကြား**

ယနေ့ကျင်းပသည့် အလုပ်ရုံ ဆွေးနွေးပွဲတွင် ရော်ဘာကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်နိုင်ကြ ပြီး ပိုမိုကောင်းမွန်သော ဆွေးနွေး သုံးသပ်ချက်များ ဖော်ထုတ်ခြင်း ကို IRRDB ရည်ရွယ်ချက်များ နှင့်အညီ အဖွဲ့ဝင်များအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွား ကြရန် တိုက်တွန်းပြောကြား သည်။

ထို့နောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌနှင့် IRRDB ၏ အထွေထွေ အတွင်းရေးမှူး Dr. Abdul Aziz တို့က အမှာစကား ပြောကြားခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် စက်တင်ဘာ ၂၇ ရက်က မိတ္ထီလာမြို့ အမှတ် (၁) တပ်မတော်ဆေးရုံ ခုတင် ၅၀၀ ၌ အဆိုပါတပ်မတော်ဆေးရုံမှ ဗိုလ်မှူးချုပ် ထွန်းထွန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကြီး အေးမင်းနှင့်အဖွဲ့က သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင် များအား အာဟာရပစ္စည်းများ ပေးအပ်စဉ်။ ချမ်းသာ(မိတ္ထီလာ)



ကော့ကရိတ်မြို့ စည်ပင်သာယာ ရေးအဖွဲ့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာ နှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၂၄၂ ဒသမ ၁၈ သန်း ဖြင့် အမှတ်(၃) ရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်း လမ်းသားတိုးချဲ့ ခြင်း၊ စက်ကြီးလမ်းနှင့် ဘုရင့် နောင်လမ်း ကွန်ကရစ်လမ်း ခင်းခြင်း၊ အမှတ်(၆) ရပ်ကွက် ကျောင်းလမ်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းတို့ကို ဆောင် ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာနှင့်အဝန်း အားသွန်ခွန်စိုက်ဖြည့်ကျင့်စီမံဆောင်ရွက်ရမည့် သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး

**ကြည်ထွန်း(လူမှု)**

ကမ္ဘာ့နိုင်ငံအသီးသီး၌ အမျိုးမျိုးအဖုံဖုံ ရင်ဆိုင်ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များနှင့်အတူ တရိပ်ရိပ် တိုးပွားများပြားလာသော သက်ကြီးပုဂ္ဂိုလ်များအရေးကား ၂၁ ရာစု၏ အဓိက စိန်ခေါ်မှုကြီးများဖြစ်လာပြီ။

**သက်ကြီးသူများတိုးလာသော ကျွန်ုပ်တို့ကမ္ဘာ**

ကုလသမဂ္ဂ၏ ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာတစ်ဝန်းလုံးတွင် ၂၀၁၉ ခုနှစ်က အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်ဦးရေ ၇၀၃ သန်း ရှိရာမှ ဆယ်စုနှစ်သုံးခုအကြာ ၂၀၅၀ ပြည့်နှစ်ရောက်လျှင် နှစ်ဆတိုးကာ ၁၀၅ ဘီလီယံ ရှိလာတော့မည်။ ကမ္ဘာ့အရှေ့ဘက်ခြမ်းနှင့် အရှေ့တောင် အာရှဒေသတွင် ၂၀၁၉ ခုနှစ်က ၂၆၁ သန်းသာရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၅၇၃ သန်းရှိလာမည်ဖြစ်၍ သက်ကြီးတိုးပွားမှု အများဆုံးဒေသဖြစ်လာတော့မည်။ ယင်းနောက်တွင် ဥရောပနှင့် မြောက်အမေရိကတို့က သက်ကြီးအရေအတွက် သန်း ၂၀၀ ဖြင့် ဒုတိယအများဆုံးဒေသများဖြစ်လာမည်။ မြောက်အာဖရိကနှင့် အနောက်အာရှဒေသတို့တွင် အမြန်ဆုံးတိုးပွားလာမည်ဖြစ်ရာ ၂၀၁၉ ခုနှစ်တွင် ၂၉ သန်းသာရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၉၆ သန်းအထိ (၂၂၆ ရာခိုင်နှုန်း) တိုးပွားလာမည်။ ဒုတိယအမြန်ဆုံး တိုးပွားလာမည့်ဒေသမှာ အာဖရိက ဆာဟာရဒေသဖြစ်ရာ ၂၀၁၉ ခုနှစ်တွင် ၃၂ သန်းရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၁၀၁ သန်း (၂၁၈ ရာခိုင်နှုန်း)အထိ တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။

ဆန့်ကျင်ဘက်အားဖြင့် ကမ္ဘာ့အခြားနေရာဒေသများအားလုံးထက် သက်ကြီးပုဂ္ဂိုလ်ဦးရေ သိသိသာသာ များနှင့်နေပြီးဖြစ်သည့် ဩစတြေးလျနှင့် နယူးဇီလန်တို့တွင် ၈၄ ရာခိုင်နှုန်း၊ ဥရောပနှင့် မြောက်အမေရိကတို့တွင် ၄၈ ရာခိုင်နှုန်းဖြင့် သက်ကြီးတိုးပွားမှုနှုန်း နည်းနေမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအကြားတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထက် ဖွံ့ဖြိုးမှုလုံးဝမရှိသောနိုင်ငံများတွင် ကမ္ဘာ့သက်ကြီးပုဂ္ဂိုလ်ဦးရေ၏ သုံးပုံနှစ်ပုံခန့်ရှိလာမည်ဖြစ်သည်။

**အမှည့်တဝင်းဝင်း၊ အကင်းတဖြိုက်ဖြိုက်**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း သက်ကြီးတိုးပွားနှုန်း မြင့်တက်လာသည်ဖြစ်ရာ ၁၉၈၃ ခုနှစ်တွင် အသက် ၆၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ် ၂ ဒသမ ၂ သန်း (နိုင်ငံ့လူဦးရေ၏ ၆ ဒသမ ၄ ရာခိုင်နှုန်း)၊ ၂၀၁၄ ခုနှစ်တွင် ၄ ဒသမ ၅ သန်း (နိုင်ငံ့လူဦးရေ၏ ၈ ဒသမ ၉ ရာခိုင်နှုန်း)၊ ၂၀၁၉ ခုနှစ်တွင် ၅ ဒသမ ၂ သန်း (နိုင်ငံ့လူဦးရေ၏ ၁၀ ဒသမ ၁ ရာခိုင်နှုန်း)အထိ တိုးလာပြီဖြစ်ကြောင်း ကောက်ယူရရှိခဲ့သည့် သန်းခေါင်စာရင်းအချက်အလက်များက သက်သေပြနေပါသည်။ မဝေးတော့သည့် အနာဂတ်တွင် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အမှည့်တဝင်းဝင်း အကင်းတဖြိုက်ဖြိုက် ဆိုသည့်အတိုင်း အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဦးရေက ကလေးဦးရေနှင့် တူညီလုနီးပါး ဖြစ်နေမည်ဖြစ်ကြောင်း လူဦးရေပညာရှင်များက ခန့်မှန်းတွက်ချက်ထားပါသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

ဘဝချမ်းသာအခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး

" Older Persons Driving Local and Global Action: Our Aspirations, Our Well-Being, Our Rights"

၁.၁၀.၂၀၂၅ နေပြည်တော်

**ကုလသမဂ္ဂအခြေခံမူများ**

ဤသို့ ကမ္ဘာတစ်ဝန်း သက်ကြီးပုဂ္ဂိုလ်များ တိုးပွားလာမည့်အရေးကို ချင့်မြော်တွေးဆကာ ကုလသမဂ္ဂက ဦးဆောင်၍ ၁၉၈၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၂ ခုနှစ်တွင် တစ်ကြိမ် ကမ္ဘာ့သက်ကြီးပုဂ္ဂိုလ်များညီလာခံ နှစ်ကြိမ်ကျင်းပကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့သည်။ နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့"**ဟု ဂုဏ်ပြုသတ်မှတ်ပေးခဲ့သည်။ သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝလုံခြုံမှုရပိုင်ခွင့်များ ရရှိလာစေရန်အလို့ငှာ ၁၉၉၁ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံက အခြေခံမူများချမှတ်ပေးခဲ့သည်။ ယင်းတို့မှာ သက်ကြီးပုဂ္ဂိုလ်များ စားဝတ်နေရေးနှင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းကျန်းမာရေး စောင့်ရှောက်မှုများရရှိခွင့်၊ အခြားဝင်ငွေရှာဖွေနိုင်သည့် အခွင့်အလမ်းများရရှိခွင့်၊ အသင်းအဖွဲ့များတွင် ပါဝင်ဖွဲ့စည်းဆောင်ရွက်ခွင့်၊ ရေရှည်ဘဝဖွံ့ဖြိုးမှုအတွက် လူ့အဖွဲ့အစည်း၏ ပညာရေး၊ ယဉ်ကျေးမှုနှင့် အပန်းဖြေမှုဆိုင်ရာ အရင်းအမြစ်များရရှိသုံးစွဲခွင့်၊ လူ့ဂုဏ်သိက္ခာနှင့် လေးစားထိုက်သူများ ဖြစ်စေခွင့် စသည်တို့ဖြစ်ပါသည်။

**သက်ကြီးသူများဘဝ စိုပြည်လှပစေဖို့**

အထက်ပါအခြေခံမူများနှင့်အညီ သက်ကြီးပုဂ္ဂိုလ်များ၏ လိုအင်ဆန္ဒ၊ ကျန်းမာပျော်ရွှင်လိုမှု၊ ရရှိခံစားအပ်သော အခွင့်အရေးများကို အထူးအလေးထားဖော်ဆောင်ပေးရန် မျိုးဆက်သစ်များအားလုံးတွင် တာဝန်ရှိပါသည်။ သို့ဖြစ်ရာ ကမ္ဘာတစ်ဝန်းလုံး၌ ဒေသအလိုက် မတူကွဲပြားသော ပထဝီဝင်အနေအထား၊ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဓနအင်အား စသည်တို့နှင့် အပ်စပ်လျော်ညီသော အစီအမံများ၊ မူဝါဒများချမှတ်၍ အားသွန်ခွန်စိုက် ဆောင်ရွက်ကြဖို့လိုပြီ။ သက်ကြီးပုဂ္ဂိုလ်များဘဝ ပိုမိုစိုပြည်လှပစေရန် ဖြည့်ဆည်းပေးလိုသောဆန္ဒ၊ ချမ်းသာသုခပြည့်ဝစေလိုသောစေတနာ၊ ဆောင်ရွက်ပေးနိုင်သော လုပ်ပိုင်ခွင့်များဖြင့် ဘက်စုံထောင့်စုံက ဖြည့်စွမ်းပေးကြရပါမည်။ ဤသို့ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ၎င်းတို့အတွက် စိုးရိမ်သောကဖြစ်ရမှုများ၊ နောက်ဆံတင်းရမှုများမရှိဘဲ မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိလူမျိုးနှင့် မိမိ မိသားစုအတွက် ပြင်းပြသော ရည်မှန်းချက်နှင့် ဘဝရှင်သန်ရပ်တည်မှုအတွက် ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းဆောင်တာအဖြာဖြာကို လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ ဆောင်ရွက်နိုင်မည်မှာ မလွဲပေ။ ထို့ကြောင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဦးတည်ချက်ဆောင်ပုဒ်ကို "Older Persons Driving Local and Global Action: Our Aspirations, Our Well-Being, Our Rights" ဟု ချမှတ်တိုက်တွန်း နှိုးဆော်လိုက်ခြင်း ဖြစ်ပေမည်။

**ကျားကြီးခြေရာကြီးဆောင်ရွက်နိုင်မှု**

ဂျပန်၊ ဂျာမနီ၊ ဗြိတိန်၊ အမေရိကန် စသည့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးအရေအတွက်သည် နိုင်ငံ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းအထက်သို့ ရောက်ရှိနေပြီဖြစ်ရာ သက်ကြီးဝန်ဆောင်မှုလုပ်ငန်းများကို ယခင်ကထက် တိုးမြှင့်ဆောင်ရွက်နေရပေပြီ။ အထူးသဖြင့် သက်ကြီးပုဂ္ဂိုလ်ဦးရေ စံချိန်တင်မြင့်တက်နေသော ဂျပန်နိုင်ငံတွင် လုပ်သားအင်အားရှားပါးမှုကြောင့် ပြည်ပနိုင်ငံများမှ ကျွမ်းကျင်စောင့်ရှောက်ရေး ဝန်ထမ်းများ ငှားရမ်းရသည်သာမက စက်ရုပ်သူနာပြုများကို တွင်ကျယ်စွာ အသုံးပြုနေရပြီဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် Waku Waku Japanese Language Academy မှ ဂျပန်ဘာသာစကားသင်တန်းနှင့် သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး သင်တန်းဆင်းများစွာတို့သည် ဂျပန်နိုင်ငံသို့ သွားရောက်လုပ်ကိုင်လျက်ရှိကြသည်။ အချို့နိုင်ငံများတွင် ဆေးပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ခံယူသည့်ခရီးသွားလုပ်ငန်း (Medical Tourism) သာမက သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှု ခရီးသွားလုပ်ငန်း (Elderly Care Tourism-ECT) ကိုပါ တိုးချဲ့ဆောင်ရွက်နေပြီဖြစ်သည်။ တရုတ်နိုင်ငံတွင်လည်း သက်ကြီးပုဂ္ဂိုလ်များအတွက် ပျော်ရွှင်ဖွယ်ခရီးသွားအတွေ့အကြုံများ ဖန်တီးပေးရန် နောက်ဆုံးပေါ် ခရီးသွားဝန်ဆောင်မှုများဖြင့် သက်ကြီးပုဂ္ဂိုလ် အပန်းဖြေရထားပြေးဆွဲခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဟု သိရသည်။ အထက်ပါ ဖွံ့ဖြိုးပြီးနိုင်ငံအချို့၏ ကျားကြီးခြေရာကြီး ဆောင်ရွက်နိုင်မှုများအပေါ် မုဒိတာပွားမိပါသည်။ သို့ရာတွင် ဓနအင်အားမကြွယ်ဝသေးသော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိဒေသ၊ မိမိနိုင်ငံနှင့် လျော်ညီသော "အဖိုးနည်းဝန်ပါ" သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်သာဖြစ်ပါသည်။

**အသက်အရွယ်ကြီးသူတို့ကို အလေးအမြတ်ပြု**

အပရိဟာနိယဟူသည့် တိုင်းပြည်စည်ကားတိုးတက်ကြောင်းတရား ခုနစ်ပါးတွင် **"အသက်အရွယ်ကြီးသူတို့ကို အလေးအမြတ်ပြုခြင်း"**သည် တစ်ပါးအပါအဝင်ဖြစ်သည်။ နိုင်ငံတော်အစိုးရက သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်းနှင့် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို ၂၀၁၄ ခုနှစ်ကတည်းက ချမှတ်ဆောင်ရွက်လျက်ရှိသည်။ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၂၀၁၆)နှင့် နည်းဥပဒေများ (၂၀၂၂) တို့ကိုပြဋ္ဌာန်းကာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီနှင့် ဒေသဆိုင်ရာ အဆင့်ဆင့်သော ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ သက်ကြီးလူမှုရေး ပင်စင်ထောက်ပံ့မှုကို ဆောင်ရွက်ခဲ့သည်။ တစ်နိုင်ငံလုံးရှိ အသိအမှတ်ပြု ဘိုးဘွားရိပ်သာများနှင့် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များကို နှစ်စဉ် ထောက်ပံ့မှုပြုလျက်ရှိသည်။ များမကြာမီ အရွယ်တစ်ခုသို့ ရောက်ရှိလာတော့မည့် လူငယ်လူရွယ်များ ဘဝနောင်ရေးစိတ်အေးနိုင်ရန်နှင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာ၊ ကျန်းမာရေး၊ လုံခြုံရေး၊ အမှီအခိုကင်းကင်းနှင့် ရပ်တည်နိုင်ရေးအတွက် **"အမျိုးသားအဆင့် သက်ကြီးမူဝါဒ"** (မူကြမ်း) ရေးဆွဲပြီးဖြစ်သည်ဟု သိရ၍ ဝမ်းမြောက်ကြည်နူးမိပါသည်။

**လူငယ်နှင့် သက်ကြီးပုဂ္ဂိုလ် စောင့်ရှောက်ရေးတာဝန်**

လူကြီးမိဘဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို တန်ဖိုးထားခြင်းနှင့် စောင့်သိရိုသေခြင်းသည် ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သော မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ရပ် ဖြစ်ပါသည်။ ထိုအစဉ်အလာကို ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်၍ လက်ဆင့်ကမ်း ထမ်းရွက်ကြရေးမှာ မျိုးဆက်သစ်တိုင်း၏ တာဝန်ပင်ဖြစ်သည်။ သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှုသည် မလွှဲသာ၍ စောင့်ရှောက်ရမည့် ဝတ္တရားတစ်ခုမဟုတ်ဘဲ မလွဲမသွေ သားစဉ်မြေးဆက် ထမ်းရွက်ရမည့်တာဝန်ဖြစ်ကြောင်း မျိုးဆက်သစ်များ ခံယူကျင့်သုံးတတ်အောင် ရှေ့ဆောင်လမ်းညွှန်မှုပြုကြရပါမည်။ **"စာရိတ္တဖွံ့ဖြိုးမှုအစ ပြည်သူ့နီတိက"** ဆိုသည့်အတိုင်း အခြေခံပညာကျောင်းများ၌ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ပို့ချရာတွင် လည်းကောင်း၊ ဓမ္မကျောင်းတော်ခေါ် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများတွင်

*စာမျက်နှာ ၇ သို့*

**" လူကြီးမိဘဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို တန်ဖိုးထားခြင်းနှင့် စောင့်သိရိုသေခြင်းသည် ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သော မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ရပ်ဖြစ်ပါသည်။ ထိုအစဉ်အလာကို ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်၍ လက်ဆင့်ကမ်းထမ်းရွက်ကြရေးမှာ မျိုးဆက်သစ်တိုင်း၏ တာဝန်ပင်ဖြစ်သည်။ သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှုသည် မလွှဲသာ၍ စောင့်ရှောက်ရမည့် ဝတ္တရားတစ်ခုမဟုတ်ဘဲ မလွဲမသွေသားစဉ်မြေးဆက် ထမ်းရွက်ရမည့် တာဝန်ဖြစ်ကြောင်း မျိုးဆက်သစ်များ ခံယူကျင့်သုံးတတ်အောင် ရှေ့ဆောင်လမ်းညွှန်မှုပြုကြရပါမည် "**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် **၈၉ ရက်** သာ လိုတော့သည်။

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း (၁၈၀) ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိ ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ၃၀ - ၉ - ၂၀၂၅ ရက်နေ့မှ ၁၃ - ၁၀ - ၂၀၂၅ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်း ရရှိနိုင်မည် ဖြစ်ပါသည်။

၂။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ ( ၃ ) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့(အခမဲ့)ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ အတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး တစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် တာဝန်ရှိသူများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများကိုလည်းကောင်း တွေ့ဆုံပြီး ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။



ထိုသို့ ဆွေးနွေးကြရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က လွှတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လက်ရှိ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ် ပြင်ပ ကြိုတင်မဲပေးခြင်းဆိုင်ရာများ၊ မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေးနှင့် မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မဲဆွယ်စည်းရုံးခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်းဆိုင်ရာများ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ သင်တန်းပေး လေ့ကျင့်ရေးနှင့် လုံခြုံရေးဆိုင်ရာများ၊ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာခွင့်နှင့် သတင်းရယူခွင့် ဆိုင်ရာများ၊ ဆက်လက် ဆောင်ရွက်ရမည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက သက်ဆိုင်ရာဒေသနှင့် မြို့နယ်များအလိုက် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးမှုများအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က သက်ဆိုင်ရာလုပ်ငန်းစဉ်အလိုက် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

လည်းကောင်း လူကြီး မိဘ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို အထူးသိမြင်၍ ပြန်လည်ပေးဆပ်သင့်ကြောင်းကို ယခင်ကထက်ပို၍ အကျယ်တဝင့် ဆွေးနွေးပို့ချသင့်ပေသည်။ ထို့အပြင် အမြို့မြို့ အနယ်နယ်တွင် ကျင်းပနေကြသော လူငယ်ဆွေးနွေးပွဲများ၊ စကားဝိုင်းများ၊ ဟောပြောပွဲနှင့် Talk Show များတွင် **“လူငယ်နှင့် သက်ကြီးပုဂ္ဂိုလ် စောင့်ရှောက်ရေးတာဝန်”** ဟူသော ခေါင်းစဉ်တစ်ရပ်ကို ထည့်သွင်းဆွေးနွေးရန် အကြံပြုလိုပါသည်။ သို့မှသာ တစ်ယောက်ကစတစ်ရာ ဆိုသည့်အတိုင်း အသိမကြွယ်သေးသော ကလေးသူငယ်များစွာကို စည်းရုံးစေ့ဆော်နိုင်မည်ဖြစ်ပါသည်။

### ကျန်းမာတက်ကြွသော သက်ကြီးဘဝရရှိကြဖို့

တိုးတက်ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းကို ဖော်ဆောင်ရာတွင် သက်ကြီးပုဂ္ဂိုလ်များအားလုံး ရုပ်ပိုင်းရော စိတ်ပိုင်းပါ ကျန်းမာကြဖို့လိုသည်။ အစောင့်ရှောက်ခံ၊ အပြုစုခံ လူတစ်စုမဟုတ်ဘဲ ၎င်းတို့၏ ကာယစွမ်းအား၊ ဉာဏစွမ်းအားဖြင့် လူ့ဘောင်လောကကို ဆက်လက်အကျိုးပြုနိုင်မည့် အင်အားစုကြီးတစ်ရပ်ဖြစ်လာဖို့ လိုသည်။ လုပ်နိုင်ကိုင်နိုင်စွမ်းရှိသေးသော သက်ကြီးပုဂ္ဂိုလ်များအတွက် သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးကြရပါမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခံယူကျင့်သုံးသော ကျန်းမာတက်ကြွ သက်ကြီးဘဝ (Active and healthy ageing) ကိုရရှိအောင် ကူညီဆောင်ရွက်ပေးကြရပါမည်။ ၎င်းတို့ဝါသနာထုံရာနယ်ပယ်တွင် လွတ်လပ်စွာ သက်ဝင်လှုပ်ရှားနိုင်မည့် Senior Activity Center များ၊ သက်တူရွယ်မျှ မိတ်ဆွေအပေါင်းအသင်းများနှင့် မကြာခဏ တွေ့ဆုံနိုးနှောနိုင်မည့် Age Friendly Environment အစီအစဉ်များ၊ ပရဟိတသင်္ဂဟလုပ်ငန်းများတွင် ပါဝင်မွေ့လျော်နိုင်ရေး စသည်ဖြင့် စိတ်ပျိုကိုယ်နု ဇရာကို အန်တုနိုင်သူများဖြစ်အောင် ဖြည့်ဆည်းပေးကြရပါမည်။ အစိုးရ/ပုဂ္ဂလိက သက်ကြီး နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ တိုးပွားလာရန်လိုအပ်သကဲ့သို့ အနယ်နယ်အရပ်ရပ်ရှိ ဘိုးဘွားရိပ်သာများ အရှည်ခံ၍ တည်တံ့အောင် ဝိုင်းဝန်းထောက်ပံ့လှူဒါန်းကြရပါမည်။ ဝန်ထမ်းဟောင်းအသင်းများအပါအဝင် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအသင်းများ ပိုမိုခိုင်မာအားကောင်းလာရေးအတွက်လည်း ပံ့ပိုးကူညီပေးကြရပါမည်။

သို့ဖြစ်၍ ဖြည့်ကျင့်စီမံဆောင်ရွက်ဖွယ်ရာ အဖြာဖြာကို ဘက်စုံထောင့်စုံမှ ရှုမြင်သုံးသပ်၍ အားသွန်ခွန်စိုက်ဆောင်ရွက်ကြရပါမည်။ သို့မှသာ မိမိတို့၏ လူကြီးသူမ သက်ကြီးဝါကြီးများကို လက်ငင်းကျေးဇူးပြုနိုင်မည် ဖြစ်သည့်အပြင် နောင်တိုးပွားလာမည့် သက်ကြီးပုဂ္ဂိုလ်များကိုလည်း ဝမ်းပန်းတသာ လက်ကမ်းကြိုဆို စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ခြင်းနှင့်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

# အဆောက်အအုံများ မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရေး စနစ်တကျ တွက်ချက်တည်ဆောက်



**နေပြည်တော် စက်တင်ဘာ ၂၉**

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက် လေးခန်းတွဲ လေးထပ်အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်နေမှု အခြေအနေ၊ ရုံးအဆောက်အအုံများ ပြုပြင်ဆောင်ရွက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ**

ဦးစွာ အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌသည် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဝန်ထမ်းအိမ်ရာများအတွက် လေးခန်းတွဲ လေးထပ်အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်နေသည့် လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကုမ္ပဏီအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများက အိမ်ရာစီမံကိန်းများလျာထားချက်၊ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်ရာတွင် မြေစမ်းသပ်ခြင်းအား စနစ်တကျဆောင်ရွက်ရန်၊ အကွက်ချပုံစံ ကိုက်ညီမှန်ကန်စေရေး စစ်ဆေးဆောင်ရွက်ရန်၊ အဆောက်အအုံများ မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရေး စနစ်တကျ တွက်ချက်တည်ဆောက်ရန် မှာကြားပြီး အသစ်တည်ဆောက်နေသည့် ဝန်ထမ်းအိမ်ရာများကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးမှုများကြီးမား၍ အန္တရာယ်ရှိသဖြင့် ဖြိုဖျက်ခဲ့ရသော ဝန်ထမ်းအိမ်ရာများအတွက် လေးခန်းတွဲ လေးထပ်အဆောက်အအုံ ၂၃၀ အသစ်ပြန်လည်တည်ဆောက်ပေးရန် လျာထားရာတွင် ပထမအဆင့် အဆောက်အအုံ ၅၂ လုံး စတင်တည်ဆောက်လျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံများအဖြစ် စနစ်တကျ တည်ဆောက်လျက်ရှိသည်။

**စနစ်တကျ တွက်ချက်စစ်ဆေး**

မန္တလေးငလျင်ကြီးကြောင့် အပြာရောင်အဆင့် ပျက်စီးခဲ့သော အဆောက်အအုံ ၆၈၃ လုံး ရှိပြီးပြင်ဆင်ပြီး ၆၅၄ လုံး၊ ပြင်ဆင်ဆဲ ၂၉ လုံး ဖြစ်သည်။ လိမ္မော်ရောင်အဆင့် ပျက်စီးခဲ့သော အဆောက်အအုံ ၄၂၆ လုံးရှိပြီး ပြင်ဆင်ပြီး ၁၄ လုံး၊ ပြင်ဆင်ဆဲ ၄၀၅ လုံးနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် အဆောက်အအုံ ခုနစ်လုံး ဖြစ်သည်။ အနီရောင်အဆင့်ပျက်စီးခဲ့သော အဆောက်အအုံ ၂၂၈ လုံးရှိပြီး ပြင်ဆင်ဆဲသုံးလုံးနှင့် ပြင်ဆင်ရန် ၂၂၅ လုံးဖြစ်သည်။ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့် ပျက်စီးခဲ့သော အဆောက်အအုံများကို ပျက်စီးမှုအမျိုးအစားအလိုက် ပြင်ဆင်ရမည့် နည်းလမ်းများကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အသိအမှတ်ပြုလက်မှတ်ရ (Professional Engineering – PE) (RSE) တို့ဖြင့် စနစ်တကျ တွက်ချက်စစ်ဆေး၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ သွားရောက်၍ အဆောက်အအုံ ပြန်လည်ပြုပြင်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် ပျက်စီးမှုအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်(SOP)အတိုင်း ပြင်ဆင်ရန်၊ အဆောက်အအုံ၏ Structure ကို မူလထက် ပိုမို ခိုင်ခံ့စေရေး ငလျင်ဒဏ်ခံကွန်ကရစ်နံရံ (Shear Wall) များ စနစ်တကျတွက်ချက်၍ ထည့်သွင်းဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျ ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးအဆောက်အအုံ ဘေးပတ်လည် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**စနစ်တကျ ကြပ်မတ်ဆောင်ရွက်**

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအနေဖြင့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့ရသော နိုင်ငံပိုင်ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ အထူးအဆောက်အအုံများကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့တို့မှ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်း၍ ပျက်စီးမှုများစစ်ဆေးခြင်း၊ ပျက်စီးမှုအလိုက် အရောင်သတ်မှတ်၍ အဆင့်ခွဲခြားခြင်း၊ ဖြိုဖျက်ရမည့် အဆောက်အအုံများ သတ်မှတ်၍ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဖယ်ရှားရှင်းလင်းခြင်း၊ အသစ်တည်ဆောက်မည့် အဆောက်အအုံများအတွက် မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရေး ဒီဇိုင်းတွက်ချက်ရေးဆွဲခြင်း၊ အဆောက်အအုံများ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့ကို အရည်အသွေးကောင်းမွန်၍ ရေရှည်တည်တံ့စေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးရဲတင့် အမျိုးသားစာပေ တစ်သက်တာဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေ တစ်သက်တာဆု စိစစ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဆုရွေးချယ်ရေးနှင့် စာပေဆုချီးမြှင့်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။**(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်း အမှတ်(၁၈-အေ)ရှိ စာဆိုဗိမာန် အဆောက်အအုံ သုံးထပ်(RC) ဆောက်လုပ်နေမှုနှင့် စာပေဗိမာန် စာကြည့်တိုက် ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးက ဆောက်လုပ်နေမှုအား သတ်မှတ်ချိန်အမီပြီးစီးရေး၊ အရည်အသွေး ကောင်းမွန်ရေးနှင့် အဆောက်အအုံပြီးစီးမှုနှင့်အတူ ပရိဘောဂနှင့် ခင်းကျင်းပြသရေး ဆိုင်ရာများ တစ်ပြိုင်တည်း ပြီးစီးရေး ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကျောက်တံတား မြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာရုပ်ရှင်ရုံသို့ ရောက်ရှိကာ ဝဇီရာရုပ်ရှင်ရုံအား ရှေးဟောင်းလက်ရာမပျက် ပြုပြင်မွမ်းမံပြီး နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် တည်ဆောက်ပြုပြင်ရေး ဆောင်ရွက်ရန် လျာထားသည့် ကုမ္ပဏီနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဆောင်ရွက်မည့် အစီအမံများ အမြန်ပြုစုတင်ပြနိုင်ရေးနှင့် လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ သစ်ပင်များစိုက်ပျိုး

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် ကော်မတီဝင်များနှင့်အတူ နေပြည်တော်လေဆိပ်သွား လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်သည် လယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက် မြို့နယ်အားကစားကွင်း ဘေးပတ်လည်တွင် ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး အရိပ်ရ မဟော်ဂနီပင်ကို စိုက်ပျိုးပေးကာ**(အောက်ပုံ)** အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများက မဟော်ဂနီပင် ၅၀၊ ရေတမာပင် ၁၃၀၊ ခရေပင် ၂၀ စုစုပေါင်း အပင် ၂၀၀ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင်သည် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် အေလာအဝင် အေလာသီရိလမ်းဘေးဝဲယာတွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကာ ရာသီမရွေး စိမ်းလန်းစိုပြည်ရေးအတွက် ရေမြေသဘာဝနှင့် ကိုက်ညီသည့် ပန်းအလှပင်များ စိုက်ပျိုးရေးနှင့် စိုက်ပျိုးထားသည့် အရိပ်ရ၊ ပန်းအလှပင်များ ရှင်သန်ဖြစ်ထွန်းစေရေး အမြဲမပြတ် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



အိမ်ပြင်ပဌ်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း သတင်းမီဒီယာများ၏ မေးမြန်းမှုများအား လက်ခံဖြေကြား

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ထိုသို့ ပြန်လည်ရောက်ရှိစဉ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ယခုကဲ့သို့ ဖြေကြားခဲ့ပါသည်-

**မေး။** ယာယီသမ္မတကြီးရဲ့ ရုရှားနဲ့ ကာဇက်စတန်နိုင်ငံတွေကို အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့တဲ့အပေါ် မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရခဲ့လဲ၊ နောက်ပြီး ဒီခရီးစဉ်မှာ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်ကိုလည်း တက်ရောက်ခဲ့တဲ့အတွက်ကြောင့် ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေ ရှိလာနိုင်မှာလဲဆိုတာကို အရင်ဦးဆုံး ဖြေကြားပေးပါဦးခင်ဗျာ။

**ဖြေ။** အဓိကကတော့ ကျွန်တော်တို့ ဒီခရီးစဉ်မှာ အပိုင်းသုံးပိုင်းခွဲပြီး ပြောချင်ပါတယ်။ အပိုင်းသုံးပိုင်းကတော့ တစ်ပိုင်းစီက အရေးပါနေတဲ့အတွက်ကြောင့်မို့ ဖြစ်ပါတယ်။ ပထမဦးဆုံးကတော့ ရုရှားပေါ့။ ရုရှားမှာ ရုရှားခရီးစဉ်၊ ပြီးရင်တော့ ကာဇက်စတန်ခရီးစဉ်၊ ပြီးရင်တော့ အပြန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမှာ ကျွန်တော်တို့ ခဏနားခဲ့သေးတယ်။ အဲ့ဒါတွေကို ကျွန်တော်ပြောချင်ပါတယ်။ ပထမဦးဆုံးကတော့ တစ်ခုနဲ့တစ်ခုကလည်း သဘောသဘာဝကနည်းနည်းကွာခြားတယ်။ ကွာခြားတဲ့အတွက် သုံးပိုင်းခွဲပြီးပြောမယ်။ ပထမဦးဆုံး ရုရှားနိုင်ငံမှာ ကျင်းပတဲ့ ROSATOM ကနေကြီးမှူးပြီး ကျင်းပတဲ့ ကမ္ဘာ့အဏုမြူ ရက်သတ္တပတ်ပေါ့။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ ဖိုရမ်ကြီးကို တက်ရောက်တာဖြစ်တယ်။ ပြီးရင် ရုရှားသမ္မတ H.E. Vladimir Vladimirovich Putin နဲ့ တွေ့ခဲ့တယ်။ အဲ့ဒီမှာ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း လာရောက်ပြီးတော့ World Atomic Week Forum ကို တက်ရောက်တာဖြစ်တယ်။ တက်ရောက်တဲ့အခါမှာ အဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး ငြိမ်းချမ်းစွာ အသုံးပြုနိုင်ဖို့၊ အဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး နိုင်ငံတိုင်းက ငြိမ်းချမ်းစွာနဲ့ ပြည်သူလူထုအကျိုးအတွက် အသုံးပြုနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ဆွေးနွေးခဲ့တာရှိပါတယ်။ ဆွေးနွေးခဲ့တဲ့နေရာမှာ တက်ရောက်တဲ့နိုင်ငံတွေရဲ့ အမြင်သဘောထားတွေကိုလည်း နားထောင်ခဲ့ရတယ်။ နိုင်ငံတော်ယာယီသမ္မတကြီးရဲ့ မိန့်ခွန်းလည်းပြောခဲ့ရတယ်။ ယာယီသမ္မတကြီးရဲ့ မိန့်ခွန်းနဲ့ မြန်မာနိုင်ငံရဲ့ သဘောထားလည်း ပြောခဲ့ရတယ်။ ဒီထဲမှာ အနှစ်ချုပ်ပြောရရင် မြန်မာနိုင်ငံရဲ့ သဘောထားကတော့ အဏုမြူစွမ်းအင်ကို အသုံးပြုခြင်းရဲ့ အကြောင်းရင်းကတော့ မြန်မာနိုင်ငံမှာ စွမ်းအင်ပေါ့လေ၊ တည်ငြိမ်တဲ့ လျှပ်စစ်စွမ်းအင်တစ်ခုရရှိဖို့၊ ပြီးရင် ဆေးဘက်ဆိုင်ရာ၊ စိုက်ပျိုးရေးဘက်ဆိုင်ရာ သုတေသနတွေမှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒါတွေကို ကျွန်တော်တို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ရုရှားရဲ့ အဏုမြူစွမ်းအင်အေဂျင်စီဖြစ်တဲ့ ROSATOM နဲ့လည်း ကျွန်တော်တို့ သဘောတူလက်မှတ်တွေ ရေးထိုးခဲ့ရတာတွေ ရှိတယ်။ ပြီးရင်တော့ ကျွန်တော်တို့ ရုရှားသမ္မတကြီး မစ္စတာ ဗလာဒီမာပူတင်နဲ့ တွေ့ဆုံခဲ့တာရှိတယ်။

မစ္စတာ ဗလာဒီမာပူတင်နဲ့ တွေ့ဆုံတဲ့ အခါမှာတော့ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရဆုံး မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် အမြဲတမ်းအမှတ်ပြုနေတဲ့အကြောင်း၊ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံကို မဟာဗျူဟာမိတ်ဖက်နိုင်ငံတစ်ခုအနေနဲ့ အသိအမှတ်ပြုပြီးတော့ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားမယ့် အကြောင်းရင်းတွေ၊ နည်းပညာဖလှယ်မှုတွေ၊ အာကာသဆိုင်ရာနည်းပညာ၊ အဏုမြူစွမ်းအင်ဆိုင်ရာ နည်းပညာ၊ ကျန်တဲ့ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမယ့် နည်းပညာဖလှယ်မှုတွေ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒုတိယကတော့ ကာဇက်စတန်ခရီးစဉ်ပေါ့။ ကာဇက်စတန်ခရီးစဉ်နဲ့ပတ်သက်ပြီး ကာဇက်စတန်နိုင်ငံကို မြန်မာနိုင်ငံရဲ့ နိုင်ငံ့ခေါင်းဆောင်



တစ်ဦး ပထမဦးဆုံး ရောက်ရှိတာဖြစ်ပါတယ် ။ ကာဇက်စတန်နိုင်ငံရဲ့ ထူးခြားချက်ကလည်း တော်တော်ထူးခြားတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ သူဟာ အာရှတိုက်ရဲ့ အလယ်ပိုင်းမှာရှိတဲ့ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်တယ်။ သို့သော် အာရှတိုက်နဲ့ ဥရောပတိုက်ရဲ့အစပ်မှာ ရှိတယ်။ အာရှတိုက်ရဲ့ အလယ်မှာဖြစ်တဲ့အတွက်ကြောင့်မလို့ ခင်ဗျားတို့ကျွန်တော်တို့ ကြားဖူးမှာပဲ။ အရင်တုန်းက ပထဝီနိုင်ငံရေးပေါ့ (Geopolitics Theory)တွေ ရှိတယ်။ အဲ့ဒီမှာတော့ Heartland၊ Greenland ၊ ကမ္ဘာ့ရဲ့ အလယ်ဗဟိုချက်နယ်မြေတို့၊ ဒီနယ်မြေတွေရဲ့ အရေးပါမှုကိုလည်း သိမှာဖြစ်မယ်။ ဒီနေရာဟာ ကမ္ဘာ့ရဲ့အလယ်ဗဟိုချက်နယ်မြေ အာရှ – ဥရောပတိုက်ပေါ့။ ကမ္ဘာမှာအကြီးဆုံး ကုန်းမြေရဲ့ အလယ်နယ်မြေဖြစ်တဲ့အတွက် သူ့ရဲ့နေရာကနေပြီး ကုန်းလမ်းပို့ဆောင်ရေးတွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေအားလုံး ဖြတ်သန်းသွားတဲ့ သဘောရှိတယ်။ ပြီးရင် နိုင်ငံအနေနဲ့လည်း တိုးတက်အောင်ဆောင်ရွက်နေတယ်။ သူတို့ရဲ့ ပညာရေးကဏ္ဍလည်း မြင့်ပါတယ်။ ကျန်းမာရေးကဏ္ဍလည်း မြင့်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကဏ္ဍတွေနဲ့ ပတ်သက်ပြီးလည်း သမ္မတကြီးကိုယ်တိုင်က ရှင်းလင်းပြသခဲ့ပါတယ်။ ကျွန်တော်တို့ကိုလည်း သူတို့နိုင်ငံရဲ့ အခွင့်အရေး၊ ကျွန်တော်တို့နဲ့ ရင်းနှီးမြှုပ်နှံနိုင်မယ့် အခွင့်အရေး၊ ကျွန်တော်တို့နဲ့ တိုးတက်ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေကိုလည်း ပြောခဲ့တာရှိပါတယ်။ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ၊ IT နဲ့ ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ထူးခြားချက်ကတော့ ကာဇက်စတန်သမ္မတကြီးအနေနဲ့က မြန်မာနိုင်ငံက ပထမဦးဆုံးလာရောက်တဲ့ ခေါင်းဆောင်ဖြစ်တဲ့အတွက်ကြောင့်မလို့ တော်တော်ကို ဝမ်းသာအားရတယ်။ ကျေနပ်မှုရှိတယ်။ ဒါ့အပြင် တွေ့ဆုံပွဲအပြီးမှာ ယာယီသမ္မတကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ပြန်တဲ့အချိန်မှာ ကားပေါ်ထိလိုက်ပြီး နှုတ်ဆက်တာမျိုးပေါ့။ ဒါတွေထိ ရင်းနှီးဖော်ရွေမှုတွေ ပြတဲ့အတွက်ကြောင့်မလို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ မိတ်ဆွေကောင်းနိုင်ငံတစ်ခု တိုးတယ်လို့ ပြောချင်ပါတယ်။ အပြန်ခရီးစဉ်မှာတော့ ကူမင်းမြို့ကို ဝင်ရောက်ခဲ့တယ်။ ကူမင်းကိုဝင်ရောက်တဲ့အချိန်မှာ ယူနန်ပြည်နယ်ရဲ့ ကွန်မြူနစ်ပါတီ အမြဲတမ်းပါတီဝင်ပေါ့နော်။ ဥပဒေရေးရာ အတွင်းရေးမှူး၊ ပြီးရင် ခင်ဗျားတို့ ကျွန်တော်တို့နဲ့ ရင်းနှီးနေကြတဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အရှေ့တောင်အာရှကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွင်းနဲ့ တွေ့ဆုံခဲ့တယ်။ အဲဒီမှာ အချက်လေးချက် ဆွေးနွေးခဲ့တယ်။

နံပါတ်တစ် အရေးကြီးဆုံးအချက်က အပြန်အလှန်ဆွေးနွေးတဲ့အခါမှာ မြန်မာနဲ့ တရုတ်နိုင်ငံတို့ဟာ မိတ်ဆွေအရင်းအချာ၊ အိမ်နီးနားချင်းနိုင်ငံ ဆွေမျိုးပေါက်ဖော်နိုင်ငံတွေဖြစ်တယ်။ တစ်ဦးနဲ့ တစ်ဦး ယုံကြည်စိတ်ချမှုရှိပြီးတဲ့ နိုင်ငံတွေဖြစ်တယ်။ ဆက်သွယ်ဆက်ဆံရေးတွေတိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်တယ်။ ပြီးရင်တော့ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေးကို တရုတ်အစိုးရအနေနဲ့လည်း မြန်မာအစိုးရနဲ့ လက်တွဲညီ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်တယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ကုန်သွယ်ရေးစီးပွားမြှင့်တင်တဲ့အပိုင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပေါ့။ ဒါနဲ့ပတ်သက်ပြီးလည်း အဲဒီစီးပွားရေးစင်္ကြံမှာရှိတဲ့ စီးပွားရေးသဘောတူညီပြီးသားအချက်တွေ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံမှာရှိနေတဲ့ စီမံကိန်းတွေ ဒါတွေကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ နှစ်ဦးနှစ်ဖက် ထပ်လောင်းပြီးတော့ အတည်ပြုခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ဆက်လက်ပြီး ထောက်ခံဆောင်ရွက်သွားမယ်။ ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာလည်း သိစေချင်ပါတယ်။ ဒီတော့ ခရီးစဉ်တွေအားလုံးကို ချုံ့ပြီးပြောရရင်တော့ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းသစ်တွေ၊ အိမ်နီးနားချင်း တရုတ်နိုင်ငံနဲ့လည်း မြန်မာနိုင်ငံအတွက် အခွင့်အလမ်းသစ်တွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒီအခွင့်အလမ်းသစ်တွေကို မိမိရရဆုပ်ကိုင်နိုင်ဖို့အတွက် ကျွန်တော်ပြောနေကျစကားဖြစ်တဲ့ နံပါတ်တစ် ကျွန်တော်တို့ စည်းလုံးကြဖို့လိုတယ်။ နံပါတ်နှစ် ကျွန်တော်တို့ ခေတ်နဲ့အမီ တွေးခေါ်မြော်မြင်တတ်ဖို့ အရေးကြီးတယ်။ ကမ္ဘာကြီးမှာ ဒီနေ့ဘာတွေဖြစ်နေလဲ။ နိုင်ငံတကာမှာ ဘာတွေဖြစ်နေလဲ။ ကျွန်တော်တို့မြန်မာမှာဘာတွေဖြစ်နေလဲ။ အမှန်တရားအတိုင်းပဲ သုံးသပ်ပြီးတော့ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွန်တော်တို့ ပြည်သူလူထုရဲ့၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် မှန်ကန်တဲ့ အတွေးအခေါ်တွေနဲ့ တွေးခေါ်ဆောင်ရွက်သွားကြဖို့ အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

**မေး။** လက်ရှိခရီးစဉ်မှာ Nuclear စွမ်းအင်နဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့တာရှိတယ်။ အနာဂတ်မှာရော မြန်မာနိုင်ငံအနေနဲ့ ဒီ Nuclear စွမ်းအင်နည်းပညာကို ဘယ်လိုအသုံးချဖို့ရှိလဲ။ ဒီပြင် မြန်မာပြည်ရဲ့ လျှပ်စစ်ဓာတ်အားတိုးတက်ရေးအတွက် အသေးစား Nuclear စက်ရုံတည်ဆောက်ဖို့ စီစဉ်နေတာရှိတယ်လို့ သိရပါတယ်။ အဲဒါကို ဘယ်ကာလလောက် စတင်ဖို့ရှိပါသလဲ။

**ဖြေ။** ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့တာရှိတယ်။ ယခင်နှစ်ကတည်းကတိုင် MoU ပေါ့ဗျာ။ ထပ်လောင်းပြီးတော့ ရေးထိုးခဲ့တာရှိတယ်။ အဓိကကတော့ ကျွန်တော်တို့က ပထမဦးဆုံး အဏုမြူစွမ်းအင်အသုံးပြုနိုင်ဖို့အတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လုံခြုံတဲ့နေရာတွေ ဆက်လက်ပြီး ရွေးချယ်သွားဖို့ရှိတယ်။ အခုလည်း ရန်ကုန်မှာ ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ။ ကျွန်တော်တို့ဟိုမှာ World Atomic Week Forum လုပ်နေတဲ့အချိန်မှာပဲ ရန်ကုန်မှာလည်း ကျွန်တော်တို့ လုပ်ခဲ့တာမျိုးရှိတယ်။ ဒီအဏုမြူစွမ်းအင်နဲ့ ပတ်သက်ပြီး ကျွန်တော် အသိပေးလိုတာက အဏုမြူစွမ်းအင်ဆိုတာက လုံခြုံမှုရှိတဲ့စွမ်းအင်ဖြစ်ပါတယ်။ အဏုမြူစွမ်းအင်ဆိုတာသည် တည်ငြိမ်တဲ့လျှပ်စစ်ကိုပေးနိုင်တဲ့ စွမ်းအင်မျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံတိုးတက်ဖို့ဆိုရင် ကျွန်တော်တို့ လျှပ်စစ်စွမ်းအားက ဘယ်လောက်ထိ လိုတယ်ဆိုတာကို အားလုံးက သိပြီးဖြစ်လိမ့်မယ်။ လျှပ်စစ်စွမ်းအားလိုတဲ့နေရာမှာ တည်ငြိမ်တဲ့လျှပ်စစ်စွမ်းအင်ရရှိဖို့ အရေးကြီးတယ်။ ဥပမာ- ဆိုလာကနေ လျှပ်စစ်ရမယ်။ လေကနေ လျှပ်စစ်ရမယ်။ ပြီးရင် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ စက်တွေကနေ လျှပ်စစ်စွမ်းအင်တွေရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် လျှပ်စစ်စွမ်းအင်ဆိုတာ နိုင်ငံတစ်နိုင်ငံမှာ အမျိုးစုံပေါင်းပြီးတော့ ဆောင်ရွက်ရတာဖြစ်တယ်။ ဥပမာ ဆိုလာလျှပ်စစ်စွမ်းအင်ဆိုရင် ညဘက်မှာမရနိုင်တော့ဘူး။ Wind Power လေစွမ်းအင်ဆိုတာလည်း လေတိုက်ခတ်မှု လျော့နည်းတဲ့အချိန်မှာ မရနိုင်တော့ဘူး။ ဒီအချိန်မှာ နိုင်ငံတစ်နိုင်ငံလုံးမှာရှိနေတဲ့ စွမ်းအင်အရင်းအမြစ်တွေ အားလုံးက အသုံးပြုပြီးတော့ လိုတဲ့စွမ်းအင်ကို ဒီဘက်စွမ်းအင်က ဖြည့်မယ်။ ဟိုဘက်က လိုတဲ့စွမ်းအင်ကို ဒီဘက်ကနေ ဖြည့်မယ်ဆိုတဲ့ဟာမျိုးတွေ လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီစွမ်းအင်သည်လည်း အစပိုင်းရင်းနှီးမြှုပ်နှံမှုက ကြီးကောင်းကြီးမယ်။ နောက်ပိုင်းမှာတော့ တည်ငြိမ်တဲ့ လျှပ်စစ်စွမ်းအားနဲ့ ဖွံ့ဖြိုးတိုးတက်မှု ရစေနိုင်တယ်။ ဒါကတော့ လျှပ်စစ်စွမ်းအင်နဲ့ပတ်သက်တဲ့အပိုင်းပါ။ နံပါတ်နှစ်အပိုင်းကတော့ ဒီဟာကို ဆောင်ရွက်တဲ့နေရာမှာ Nuclear စွမ်းအင်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ထိတွေ့လာမယ်။ Nuclear စွမ်းအင်နဲ့ ပတ်သက်ပြီး သုတေသနပြုမှုတွေ၊ ဆေးဝါးဆိုင်ရာ သုတေသန၊ ကျန်တဲ့သုတေသနတွေအားလုံးကို ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒါသည် ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ဆောင်ရမယ့် စွမ်းအင်တစ်ခုဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ အသိပေးလိုပါတယ်။

*စာမျက်နှာ ၁၀ သို့*

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ နှစ် (၇၀၀)ပြည့် အားကစားကွင်းနှင့် ပိုးတန်းအားကစားကွင်းရှိ အားကစားကွင်း/ အားကစားရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ နှစ်(၇၀၀) ပြည့် အားကစားကွင်းသို့ရောက်ရှိ၍ အားကစားကွင်း/ အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းအတွင်း စိမ်းလန်းစိုပြည်စေရေး၊ ဘောလုံးကွင်းအတွင်းရှိ မြေနိမ့်သည့်နေရာများကို မြေဖို့၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ ဘောလုံးကွင်းပတ်လည်ရှိ ရေနုတ်မြောင်းအဖုံးများနှင့် ဂိုးတိုင်များဆေးသုတ်သွားရန်၊ ဂိုးပိုက်များအား စနစ်တကျ တပ်ဆင်သွားရန်နှင့် အားကစားကွင်းအတွင်း ရေကူးကန်တည်ဆောက်မည့်မြေနေရာအား Layout Plan မြေပုံနေရာများဖြင့် ရေးဆွဲတင်ပြသွားရန်၊ အားကစားရုံအတွင်း ခိုငှက်များ မဝင်ရောက်နိုင်စေရေးအတွက် ဝင်ရောက်နိုင်သည့် နေရာများအား သံဆန်ခါများဖြင့် စနစ်တကျ ကာရံသွားရန် မှာကြားသည်။

ယင်းနောက် စစ်ကိုင်းမြို့နယ် ပိုးတန်းအားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေး၊ မြရောတင်းနစ်ကွင်း မြေပြင်အက်ကြောင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ကွင်းဆေးသုတ်ခြင်းများ ပြန်လည်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် စစ်ကိုင်းမြို့နယ် အသင်္ချာရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်၊ နိုင်ငံ့ဝန်ထမ်းများ ထမ်းဆောင်ရမည့် တာဝန် (၃)ရပ်နှင့် နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်အပါး(၃၀)တို့ကို လေးစားလိုက်နာကြရန် လိုကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ ကိုယ်ရေးကိုယ်တာနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

**မေး။** ယာယီသမ္မတကြီးအနေနဲ့ ခရီးစဉ်အတွင်းမှာ ရုရှားသမ္မတကြီးနဲ့ရော ကာဇက်စတန်သမ္မတကြီးနဲ့ရော တွေ့ဆုံဆွေးနွေးခဲ့တာရှိတယ်။ အဲဒီနှစ်နိုင်ငံနဲ့ အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအလားအလာတွေက ဘယ်လိုဆက်ရှိနိုင်ပါသလဲ။

**ဖြေ။** နှစ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုတာတွေ ပိုပြီးတိုးတက်လာမယ့် အလားအလာရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကိုလည်း သူတို့အနေနဲ့ လိုလိုလားလားကို ဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်တဲ့သဘောရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အပြန်ခရီးစဉ်မှာ ကူမင်းကို ဝင်ခဲ့တဲ့အခါမှာလည်း တရုတ်နိုင်ငံရဲ့ ကူမင်းမှာ တွေ့ရှိခဲ့တဲ့ ယူနန်ပြည်နယ်အစိုးရရဲ့ ပြောကြားချက်ပေါ့နော်။ ယူနန်ပြည်နယ်အစိုးရ ပြောကြားချက်ဆိုတာကလည်း တရုတ်ဗဟိုအစိုးရရဲ့ သဘောထားကိုပဲ ပြောကြားချက်ပဲဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အပြုသဘောဆောင်ပြီး အားကောင်းတာတွေ့ရပါတယ်။ ဒီခရီးစဉ်အားလုံးမှာ အနှစ်ချုပ်ပြောရရင် ဒီနိုင်ငံ သုံးနိုင်ငံလုံးက မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကို ကြိုဆိုတယ်။ မြန်မာပြည်သူလူထုရဲ့ ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေးအတွက် သူတို့အနေနဲ့ အမြဲတမ်းအားပေးလျက်ရှိတယ်။ ပြီးရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲတမ်းအားပေးလျက်ရှိတယ်။ ဒီလိုအားပေးလျက်ရှိတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ မကြာမီမှာကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးတော့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ စည်းကမ်းစနစ်ကျတဲ့၊ စစ်မှန်ပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူလူထုတွေအားလုံးက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျှောက်လှမ်းသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၁) သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၉**





အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၈၁) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ကွယ်ဝရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသော ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်အတွက် ဗလငါးတန်နှင့် ပြည့်စုံသည့် ပညာတတ် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်စေရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

သင်တန်းသို့ အနယ်နယ်အရပ်ရပ်မှ ဆရာ ဆရာမများ တက်ရောက်ကြသည့်အတွက် အချင်းချင်း အတွေ့အကြုံများ၊ ဗဟုသုတများ အပြန်အလှန်ဖလှယ်ခွင့်ရကြမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း ရရှိနိုင်သမျှ အသိပညာ၊ အတတ်ပညာရပ်များကို လေ့လာသင်ယူကြပြီး အမျိုးသားပညာရည်မြင့်မားရေးဆောင်ရွက်ရာတွင် ပြန်လည်အသုံးချကြရန်နှင့် အနာဂတ်၏ ရင်သွေးများကို နိုင်ငံတကာအဆင့်မီ အရည်အသွေးအာမခံနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်စေရေး သင်ကြားလေ့ကျင့်ပေးကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၂ ဦး၊ သင်တန်းသူ ၃၇၈ ဦး စုစုပေါင်း ၄၇၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်အတူ ပတ္တမြားခန်းမ၌ အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ်(၁၅)မှ သင်တန်းသား သင်တန်းသူများကို အမှာစကားပြောကြားပြီး တက္ကသိုလ် စစ်ရေးပြကွင်း၌ သင်တန်းသား သင်တန်းသူများ၏ လက်နက်ဖြင့်၊ လက်နက်မဲ့စစ်ရေးပြလေ့ကျင့်နေမှု၊ တက္ကသိုလ်တွင်း သင်တန်းရိက္ခာအတွက် မွေးမြူထားသော ဥစားကြက်နှင့် အသားစားကြက် မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ နေ့လယ်ပိုင်းတွင် ခတ္တာဆောင်၌ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၈၁)မှ သင်တန်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မသန်စွမ်းလူငယ်များအတွက် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာပေး သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၉**



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် မသန်စွမ်းလူငယ်များအတွက် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မသန်စွမ်းသူများအနေဖြင့် ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် မသန်စွမ်းမှု အမျိုးအစားအလိုက် သက်ဆိုင်ရာဒေသနှင့် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းအပြင် အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေများရရှိစေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ မသန်စွမ်းလူငယ်များ အပါအဝင် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်စရိတ် ထောက်ပံ့ပေးခြင်း စသည့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ရည်မှန်းချက်များကိုလည်း ချန်လှပ်ထားခြင်းမရှိဘဲ မသန်စွမ်းလူငယ်များ၏ အခွင့်အရေး၊ ကာကွယ်ရေးနှင့် မသန်စွမ်းလူငယ်များ၏ ဘဝမြှင့်တင်နိုင်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခု သင်တန်းတွင်လည်း ယိုမျိုးစုံ၊ ဖျော်ရည်မျိုးစုံနှင့် မြန်မာ့ရိုးရာမုန့်မျိုးစုံ ပြုလုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်ကြမည့် မသန်စွမ်းလူငယ်များအနေဖြင့် သင်တန်းကာလအတွင်း တန်ဖိုးရှိသည့် အချိန်များနှင့် ကုန်ကျစရိတ်များကို အလဟဿမဖြစ်စေရန် သင်ကြားပေးသည့် အတတ်ပညာများကို အမှန်တကယ်တတ်မြောက်အောင် ကြိုးစားပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးနိုင်သည့်အဆင့်ထိ ရောက်ရှိအောင် ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း၊ သင်တန်းနည်းပြဆရာမများကလည်း သင်တန်းသားမသန်စွမ်းလူငယ်များကို စိတ်ရှည်ရှည်ထားပြီး စာတွေ့လက်တွေ့ သင်ကြားပေးသွားရန်နှင့် သင်တန်းသားများကလည်း အသိပညာ၊ အတတ်ပညာများကို ကြိုးစားသင်ယူပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းကေခိုင်မြတ်ထွန်းနှင့် ဦးစီးမှူး ဒေါ်ခင်ရတနာသိန်းတို့က သင်တန်းသား ၃၀ ကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ သင်တန်းကာလငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ (ECI) မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၉**

ဒုတိယအကြိမ်ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ (ECI)မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်း ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြ သည်။

**တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးသွားရမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မွေးစမှ အသက် ငါးနှစ်အရွယ်ရှိ ကလေးသူငယ်များအတွက် ဖွံ့ဖြိုး တိုးတက်နိုင်ခြေရှိသည့် အလားအလာများကို အပြည့် အဝရရှိရန်နှင့် မသန်စွမ်းဖြစ်ခြင်းကို လျှော့ချနိုင်စေ ရန် အရည်အသွေးမြင့်မားသည့် ECI ဝန်ဆောင်မှုများ ရရှိနိုင်ရေးကို အလေးထားဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မသန်စွမ်းကလေးသူငယ်အဖြစ် မွေးဖွား ခြင်းကို လျှော့ချနိုင်စေရေးအတွက် မမွေးဖွားမီနှင့် မွေးဖွားချိန်တွင် စိတ်ချရသည့် ကျန်းမာရေး စောင့်ရှောက်မှုနှင့်အတူ ပြည်သူများအတွက် ECI အသိပညာများရရှိစေရန် တစ်ဖက်တစ်လမ်းက ပံ့ပိုး ပေးသွားရမည်ဖြစ်ကြောင်း။

**စနစ်တကျဆောင်ရွက်**

တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချပေးသည့် ဘာသာရပ်များကို ကြိုးစားလေ့လာသင်ယူပြီး မိမိတို့ လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည် အသုံးချခြင်း ဖြင့် ကလေးသူငယ်၊ မိသားစု၊ နိုင်ငံတော်အတွက် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း၊ ယနေ့ ခေတ်တွင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည် နှင့်အညီ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် နိုင်ငံ တစ်နိုင်ငံတွင် အဓိကအရေးကြီးဆုံး လိုအပ်ချက် တစ်ရပ်ဖြစ်သည့်အတွက် မိမိတို့၏ ကလေးသူငယ်





များ ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျဆောင်ရွက် ပေးရန် လိုအပ်ကြောင်း၊ ECI ဝန်ဆောင်မှုများ ရရှိခြင်း ဖြင့် ကလေးသူငယ်များ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု များနှင့်အတူ မိသားစုဘဝ သာယာပျော်ရွှင်စေခြင်း နှင့် လူမှုပတ်ဝန်းကျင်အတွက် ကောင်းကျိုးများ ရရှိစေခြင်း စသည့်အကျိုးကျေးဇူးများ ဖြစ်ထွန်း စေခြင်းကြောင့် နိုင်ငံအတွက် မရှိမဖြစ် ဆောင်ရွက် သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

**သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်**

အဆိုပါသင်တန်းကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ဖွင့်လှစ်သွား မည်ဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုမှ သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက် ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဟိုတယ်ဇုန်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုနှင့် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန်၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်ရှိ ဟိုတယ်ဇုန်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန(၁) ပြန်လည်ပြုပြင်နေမှုနှင့် ဒက္ခိဏသီရိမြို့နယ် အတွင်း ထိခိုက်ပျက်စီးခဲ့သည့်လမ်းပိုင်းများ ပြန်လည် ပြုပြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ဆုံးပြီးစီး အောင် ဆောင်ရွက်ရေး၊ ငလျင်ဒဏ်အပြင် သဘာဝ ဘေးအန္တရာယ်များ ခံနိုင်ရည်ရှိစေရန် သတ်မှတ်စံ ချိန် စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး ဆွေးနွေး မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိုက်ပျိုး ရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား သည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများ က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များကို တွေ့ဆုံအားပေး

**ပဲခူး စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသ ကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ပဲခူးတိုင်း ဒေသကြီး (အရှေ့ပိုင်း) စစ်မှု ထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် တွေ့ဆုံအားပေး စကား ပြောကြားသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်မှုထမ်းဟောင်း အဖွဲ့အား ဒို့တာဝန်အရေးသုံးပါး နှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်



ဆောင်ရွက်နိုင်ရန်၊ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး လုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် ပါဝင်ဆောင် ရွက်နိုင်ရန်၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အချင်းချင်း စည်းလုံး ညီညွတ်စွာ အပြန်အလှန် အကူအညီပေးရန်နှင့် နိုင်ငံတော် အကျိုးပြုလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်နိုင်ရန် ကောင်းမွန် သော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်း ပေးထားကြောင်း၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များသည် ယခင် က တိုင်းပြည်နှင့် လူမျိုးအတွက် မိမိတို့၏ အသက်ခန္ဓာကို မငဲ့ကွက် ဘဲ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသူများ ဖြစ်သကဲ့ သို့ ယခုအချိန်တွင်လည်း မိမိတို့၏ ရပ်ရွာဒေသကာကွယ်ရေးလုပ်ငန်း များကို ကာကွယ်စောင့်ရှောက်သူ များပင်ဖြစ်ကြောင်း၊ ခေတ် အဆက်ဆက် ဂုဏ်ရှိန်မညိုးခဲ့ သည့် စည်းကမ်းပြည့်ဝစနစ်ရှိသည့် တပ်မတော်သားများ ဖြစ်ခဲ့သည် နှင့်အညီ စစ်မှုထမ်းဟောင်း အဖွဲ့ကြီး၏ ကောင်းမွန်သည့် ဂုဏ်သိက္ခာများကို ဆက်လက် ထိန်းသိမ်း စောင့်ရှောက်သွားရန်၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ် ထားပြီး အမျိုးသားကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီ၏ လုပ်ငန်း စဉ်များတွင် စစ်သားကောင်းများ ပီပီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် တပ်မတော် နှင့်အတူ ကျရာအခန်းကဏ္ဍများ တွင် ဆက်လက်ပူးပေါင်း ဆောင် ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ အတွက် ငွေကျပ် ၁၂၀၈၂၁၃၆၆ တန်ဖိုးရှိ ဆန်နှင့်ဆီ စသည့် အခြေခံစားသောက်ကုန်များနှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက စစ်မှု ထမ်းဟောင်းအဖွဲ့ဝင်များအတွက် ရန်ပုံငွေကျပ် သိန်း ၃၀ ပေးအပ် ချီးမြှင့်ကြရာ(ဝဲပုံ) အဖွဲ့ဝင်များ ကိုယ်စား စစ်မှုထမ်းဟောင်း အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြား ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်း နှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# အခုအစီအစဉ်ဟာ သမီးတို့ကို ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ပြီး ကြိုးစားအားထုတ်မှု ပိုမိုကောင်းမွန်အောင်၊ သိပ္ပံနည်းပညာဆိုင်ရာတွေ သိရှိအောင်ရည်ရွယ်ပြီး ခေါ်ယူတဲ့ အစီအစဉ်တစ်ခုလည်းဖြစ်

**မအိမ့်သူသူခင်**

**တွေ့ဆုံမေးမြန်း - သစ္စာ(သတင်းစဉ်)၊ ဓာတ်ပုံ- ဇွဲမာန် /BEHS(1) Dagon TS**

နိုင်ငံတော်က လူငယ်များအား ပညာရေးစွမ်းရည်မြင့်မားပြီး အသိပညာဖွံ့ဖြိုးတိုးတက်မှုဖြင့် နိုင်ငံ့တာဝန်များအား ပခုံးပြောင်းထမ်းဆောင်နိုင်စေရန် ပညာရေးကဏ္ဍကို မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ လူငယ်ဖိုရမ်များနှင့် ဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်ပေးလျက်ရှိသည့်အပြင် ကျောင်းသားလူငယ်များ အာဆီယံနှင့် နိုင်ငံတကာ အတွေ့အကြုံများရရှိပြီး နိုင်ငံအကျိုးပြု အသိပညာဗဟုသုတများ ရရှိစေရေး ခရီးစဉ်များ ပို့လွှတ်စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။



မအိမ့်သူသူခင်
(Grade-10)



ဒေါက်တာစန္ဒာမြင့်မြိမ်း
(အထက-၁ ဒဂုံ ကျောင်းအုပ်ကြီး)



ဆရာမ အေးမြသီတာ
(လိုက်ပါ ကြီးကြပ်သူ)

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း " ROSATOM" မှ ဖိတ်ခေါ်သည့် " Icebreaker of Know-ledge" Project တွင် နိုင်ငံတစ်ဝန်း



အဏုမြူစွမ်းအင်သုံးရေခဲခွဲသင်္ဘောပေါ်၌ နိုင်ငံတကာကျောင်းသားများနှင့်အတူ သင်ခန်းစာလေ့လာနေစဉ်။

အတိုင်းအတာဖြင့် အသက် ၁၄ နှစ်မှ ၁၆ နှစ်ရှိ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ရာ တစ်ဦးတည်း Winner အဖြစ် အောင်မြင်မှုရရှိခဲ့သည့် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မအိမ့်သူသူခင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးပေါ်၌ နိုင်ငံကိုယ်စားပြုအဖြစ် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကျောင်းသား ကျောင်းသူများနှင့်အတူ သွားရောက်လေ့လာခွင့် ရရှိခဲ့ပါသည်။

အဆိုပါကျောင်းမှ ကျောင်းသူ မအိမ့်သူသူခင်၊ လိုက်ပါကြီးကြပ်သူ ဆရာမနှင့် ကျောင်းအုပ်ဆရာမကြီးတို့အား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။

**မအိမ့်သူသူခင်(Grade-10)**

သမီးက ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း Grade-10 မှာ ပညာသင်ကြားနေသူပါ။ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Rosatom Energy of the future non-profit organi-zation က ဆောင်ရွက်တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်(၈၀)ပြည့် အဏုမြူစွမ်းအင် လုပ်ငန်းစဉ်၊ ပင်လယ်ရေကြောင်းလမ်းကို ရှာဖွေတွေ့ရှိတဲ့ နှစ် (၅၀၀) ပြည့်မှာ ဆောင်ရွက်တဲ့ Icebreaker of Know-ledge 2025 ပြိုင်ပွဲအစီအစဉ်မှာ မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်ကျောင်းသူအဖြစ် အထက(၁)ဒဂုံ အနေနဲ့ ပထမ Winner ရရှိပြီး ဒီခရီးစဉ်ကို သွားရောက်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီး 50 let pobedy Icebreaker နဲ့ သမီး အပါအဝင် နိုင်ငံပေါင်း ၂၁ နိုင်ငံက ထူးချွန် ကျောင်းသား ကျောင်းသူတွေ ROSATOM က တာဝန်ရှိသူတွေနဲ့အတူ လေ့လာရေးခရီး သွားခဲ့ရပါတယ်။ ခရီးစဉ်က ဩဂုတ်လ ၁၀ ရက်နေ့ကနေ ၂၅ ရက်နေ့အထိဖြစ်ပြီး သင်္ဘောပေါ်မှာ ၁၀ ရက် ကြာခဲ့ပါတယ်။ မြန်မာနိုင်ငံကိုယ်စားပြု Winner အနေနဲ့ သွားရတာဖြစ်တဲ့အတွက် အဲဒီမှာ ပြုလုပ်တဲ့ Projects၊ Presentations၊ Work-shops တွေ အကုန်လုံးမှာ မြန်မာနိုင်ငံရဲ့ ဂုဏ်ကို ဆောင်နိုင်ဖို့အတွက် သေချာ ပြင်ဆင်ပြီး သွားခဲ့ပါတယ်။ သင်္ဘောကြီးမှာ နျူကလီးယား နည်းပညာအကြောင်းတွေ ရှင်းပြတဲ့ ဟောပြောပွဲတွေ၊ သင်ပြမှုတွေကို သေချာလေ့လာမှတ်သားခဲ့ပါတယ်။

ရုရှားနိုင်ငံ မော်စကိုမြို့တော်နဲ့ Nurmonsk မြို့တွေကိုလည်း လေ့လာရေး သွားခဲ့ရပါတယ်။ Atom Museum မှာ Atomic theory, scientists နဲ့ပတ်သက်တဲ့ သမိုင်းကြောင်း၊ အဏုမြူစွမ်းအင် နည်းပညာပိုင်းဆိုင်ရာ ကျယ်ပြန့်တဲ့ ဗဟုသုတ၊ အတွေ့အကြုံတွေ၊ အသိပညာ အတတ်ပညာတွေ တိုးပွားအောင် ကဏ္ဍအသီးသီးကို လေ့လာခဲ့ပါတယ်။ အဏုမြူစွမ်းအင်နဲ့ ပတ်သက်ပြီး သင်္ဘောပေါ်မှာ အသုံးပြုတဲ့ fuel၊ reactor၊ engine၊ navigation rooms အခန်းတွေကို ပြသ ရှင်းလင်းပါတယ်။

ဒီသင်္ဘောကြီးက အဏုမြူစွမ်းအင်သုံး သင်္ဘောကြီးတစ်စင်းပါ။ အခုအစီအစဉ်ဟာ သမီးတို့ကို ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ပြီး ကြိုးစားအားထုတ်မှု ပိုမိုကောင်းမွန်အောင်၊ သိပ္ပံနည်းပညာဆိုင်ရာတွေ သိရှိအောင်ရည်ရွယ်ပြီး ခေါ်ယူတဲ့ အစီအစဉ်တစ်ခုလည်း ဖြစ်ပါတယ်။ နိုင်ငံပေါင်း ၂၁ နိုင်ငံက ထူးချွန် ကျောင်းသားတွေကို အဏုမြူစွမ်းအင်နဲ့ ပတ်သက်ပြီး အနာဂတ်မှာ တီထွင်စမ်းသပ်မှုတွေ၊ ဖြစ်နိုင်တဲ့ အကြောင်းအရာတွေကို စဉ်းစားခိုင်းပြီးတော့ အဖွဲ့လိုက် ဆွေးနွေးမှုတွေလည်း လုပ်ဆောင်ရပါတယ်။ ပြီးတော့ ဉာဏ်စမ်းတွေလည်း ဖြေရပါတယ်။ အဏုမြူစွမ်းအင်နဲ့ တီထွင်ထားတဲ့ စက်ကိရိယာပစ္စည်းအကြောင်းတွေ၊ Icebreaker အကြောင်းတွေ၊ Ice-breaker သင်္ဘောကြီးရဲ့ Power၊ length၊ width နဲ့ ပတ်သက်ပြီး အသေးစိတ် သင်ကြားပေးပြီး ROSATOM ရဲ့ လုပ်ငန်းစဉ် အကြောင်းကိုလည်း ပြောပြကြပါတယ်။ အဏုမြူစွမ်းအင်ဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် လျှပ်စစ်စွမ်းအင်ရရှိဖို့ ဆောင်ရွက်ပေးနိုင်ပြီး အဏုမြူစွမ်းအင်ဟာ ကျောက်မီးသွေးထက် ပိုလုံခြုံစိတ်ချရတယ်ဆိုတာ လက်တွေ့စမ်းသပ်ခဲ့ရပါတယ်။

> ❖ အဏုမြူစွမ်းအင်ဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် လျှပ်စစ်စွမ်းအင် ရရှိဖို့ ဆောင်ရွက်ပေးနိုင်ပြီး အဏုမြူစွမ်းအင်ဟာ ကျောက်မီးသွေးထက် ပိုလုံခြုံစိတ်ချရတယ်ဆိုတာ လက်တွေ့စမ်းသပ်ခဲ့ရပါတယ်
>
> ❖ နိုင်ငံပေါင်း ၂၁ နိုင်ငံက ထူးချွန်ကျောင်းသားတွေကို အဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး အနာဂတ်မှာ တီထွင်စမ်းသပ်မှုတွေ၊ ဖြစ်နိုင်တဲ့အကြောင်းအရာတွေကို စဉ်းစားခိုင်းပြီးတော့ အဖွဲ့လိုက် ဆွေးနွေးမှုတွေလည်း လုပ်ဆောင်ရပါတယ်



လေ့လာရေးခရီးစဉ်အဖြစ် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ထူးချွန်ကျောင်းသားများကို ရုရှားနိုင်ငံရှိ အဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးနှင့်အတူ တွေ့ရစဉ်။

၂၁ နိုင်ငံထဲမှာ အာဆီယံနိုင်ငံထဲက မြန်မာနိုင်ငံအပါအဝင် အင်ဒိုနီးရှားနဲ့ ဗီယက်နမ်တို့လည်းပါပါတယ်။ ခရီးစဉ်တစ်လျှောက်လုံး အစစအရာရာ အဆင်ပြေပါတယ်။ နိုင်ငံတကာ၊ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်၊ ဆက်သွယ်ပြီး နည်းပညာဆိုင်ရာတွေကို ဆွေးနွေးသင့်တယ်လို့ သမီးထင်ပါတယ်။ အခုလို သွားရောက်ရတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများ၊ အဘက်ဘက်က ကူညီပေးသူများအားလုံးကို အထူးကျေးဇူးတင်ပါတယ်။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

**ဒေါက်တာစန္ဒာမြငြိမ်း**
**(အထက-၁ ဒဂုံ ကျောင်းအုပ်ကြီး)**

ကျွန်မတို့ကျောင်းအနေနဲ့ ထူးချွန်ကျောင်းသားတွေကို မွေးထုတ်ပြီး နိုင်ငံတကာကို စေလွှတ်နေတာ ရှိပါတယ်။ မအိမ့်သူသူခင် က Grade – 10 ကျောင်းသူဖြစ်ပါတယ်။ သူက ရူပဗေဒဘာသာရပ်မှာ အဏုမြူစွမ်းအင်ဆိုင်ရာ အနည်းငယ်ပဲ သင်ယူရပါသေးတယ်။ အဏုမြူစွမ်းအင် ခေါင်းစဉ်နဲ့ ခေါ်တာဆိုတော့ စိတ်ပူတာတော့ ရှိပါတယ်။ ဒါပေမယ့် သူ့ရဲ့ ကြိုးစားအားထုတ်မှု၊ အရည်အချင်းပြည့်ဝမှု၊ ဘာသာစကားပြည့်ဝမှုတွေက အထောက်အပံ့ဖြစ်ပြီး ပြိုင်ပွဲတွေမှာ ရွေးချယ်ခံခဲ့ရတာပါ။

အခုလို သွားရောက်တဲ့အခါ ကျောင်းအကျိုးတော်ဆောင်နဲ့ ကျောင်းသားမိဘတွေ ပူးပေါင်းဆောင်ရွက်ပြီး အခက်အခဲမရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုခေတ် ကလေးတွေက ကျောင်းဘာသာရပ်အပြင် အခြားဘာသာရပ်တွေကို လေ့လာသင်ယူနေတာတွေလည်း ရှိပါတယ်။ အခုလို သင်ယူသူတွေထဲက ထူးချွန်ကျောင်းသူ ပေါ်ထွက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့ ကျောင်းက ရုရှားနိုင်ငံကို အခုနှစ်ထဲမှာ Biology Olmypic 2025 ခေါင်းစဉ်နဲ့ သွားရောက် ယှဉ်ပြိုင်တဲ့အခါမှာလည်း ကြေးတံဆိပ်ရရှိခဲ့ပါတယ်။

အခုလို ရုရှားနိုင်ငံက အဏုမြူစွမ်းအင်ကို လေ့လာခွင့်ရတဲ့အတွက် ကျောင်းအနေနဲ့ ဂုဏ်ယူရတဲ့အပြင် နိုင်ငံ့ဂုဏ်ဆောင်အဖြစ် သွားရောက်လေ့လာခွင့်ရတာကို ဂုဏ်ယူမိပါတယ်။ ကျွန်မအနေနဲ့လည်း နိုင်ငံကိုယ်စားပြုအဖြစ် ထူးချွန်ကျောင်းသားတွေ ဆက်လက်ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ယခုလို သွားရောက်လေ့လာခွင့် ရရှိမှုအပေါ် နိုင်ငံတော်အကြီးအကဲ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ပါတယ်။



မြောက်ဝင်ရိုးစွန်းတွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ထူးချွန်ကျောင်းသားများကို အဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးနှင့်အတူ တွေ့ရစဉ်။


နိုင်ငံတကာထူးချွန်ကျောင်းသားများကို တွေ့ရစဉ်။

**ဆရာမ အေးမြသီတာ**
**(လိုက်ပါ ကြီးကြပ်သူ)**

ကျွန်မက အထက်တန်းပြ ဆရာမပါ။ အခုလို သမီးနဲ့အတူ ရုရှားနိုင်ငံကို ကြီးကြပ်သူအဖြစ် လိုက်ပါခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မက နိုင်ငံခြားခရီးစဉ်ကို လေးကြိမ်သွားရောက်ခဲ့ဖူးပါတယ်။ သမီးလေးကတော့ စင်ကာပူ၊ ဂျပန်နဲ့ အခုရုရှားကို သွားရောက်ခဲ့ပြီး သွားပါပြီ။ ရုရှားရေခဲခွဲသင်္ဘောကြီးနဲ့ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှာ မြန်မာနိုင်ငံ အလံကို အခြားနိုင်ငံတွေနဲ့အတူ လွှင့်ထူခွင့်ရခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။ အခုလို ရုရှားနိုင်ငံကို သွားရောက်လေ့လာခွင့်ရတဲ့ ကျောင်းသူလေးအနေနဲ့လည်း မိမိနိုင်ငံ၊ မိမိကျောင်းနဲ့ မိသားစုအတွက် ဝမ်းမြောက်ဂုဏ်ယူနေမှာ အမှန်ပါ။

အဆိုပါ အဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောတွင် နိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်လေ့လာခွင့်ရရှိရန် နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများမှ အသက် ၁၄ နှစ်မှ ၁၆ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများက ဧပြီလ ၂၈ ရက်မှ ဇွန်လ ၈ ရက်နေ့အထိ “Ice-breaker of Knowledge” Project တွင် အဆင့်သုံးဆင့်ဖြင့် ဖြေဆိုခဲ့ကြရာ ဇွန်လအတွင်း နိုင်ငံကိုယ်စားပြု ထူးချွန်ကျောင်းသူတစ်ဦးအဖြစ် မအိမ့်သူသူခင်ကို ရွေးချယ်ခံခဲ့ရခြင်း ဖြစ်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Rosatom Energy of the future non-profit org-anization က ဆောင်ရွက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နှစ်(၈၀)ပြည့် အဏုမြူစွမ်းအင်လုပ်ငန်းစဉ်နှင့် ပင်လယ်ရေကြောင်းလမ်းကို ရှာဖွေတွေ့ရှိခဲ့သည့် နှစ် (၅၀၀) ပြည့် အစီအစဉ်အဖြစ် Ice-breaker of Knowledge 2025 ပြိုင်ပွဲတွင် ရုရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လာရုစ်၊ ဘိုလီဗီးယား၊ ဘရာဇီး၊ အီဂျစ်၊ ဂါနာ၊ ယူဂန်ဒါ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ မွန်ဂိုလီးယား၊ နမီးဘီးယား၊ တောင်အာဖရိက၊ တူကီယဲနှင့် ဥဇဘတ် ကစ္စတန် နိုင်ငံတို့မှ ထူးချွန်ကျောင်းသား ကျောင်းသူများ ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ ။

# အပူပိုင်းမုန်တိုင်း ဘူအလွိုင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်ဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၉**

**အပူပိုင်းမုန်တိုင်း “ဘူအလွိုင်” အခြေအနေ**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံ နယ်စပ်ဒေသများကို ဖြတ်ကျော်လျက်ရှိသော အားကောင်းသော အပူပိုင်းမုန်တိုင်း “ဘူအလွိုင်”သည် အပူပိုင်းမုန်တိုင်း“ဘူအလွိုင်” အဖြစ် အားလျော့သွားခဲ့ပြီး အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ကာ ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်ဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**


အဆိုပါ အပူပိုင်းမုန်တိုင်း “ဘူအလွိုင်”သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် အပူပိုင်းမုန်တိုင်းငယ်အဖြစ် အားလျော့နိုင်ကာ လာအိုနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်နိုင်ပြီး စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် လာအိုနိုင်ငံနှင့်မြန်မာနိုင်ငံ နယ်စပ်ဒေသများကိုလည်းကောင်း ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အပူပိုင်းမုန်တိုင်း “ဘူအလွိုင်”မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။




**မြန်မာ့အလင်း**

# ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် ၂၇ ဦးသေ၊ ၁၆ ဦးပျောက်ဆုံး

**မနီလာ စက်တင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံ၌ ယခုသီတင်းပတ်အတွင်း ဆက်တိုက်ဝင်ရောက်ခဲ့သည့် မုန်တိုင်းသုံးလုံးနှင့် အနောက်တောင်မုတ်သုံရာသီကာလ ရေကြီးမှုများကြောင့် သေဆုံးသူ ၂၇ ဦးအထိ တိုးလာကြောင်း အမျိုးသားဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီက စက်တင်ဘာ ၂၉ ရက်က ထုတ်ပြန်သည်။

တိုင်ဖွန်းမုန်တိုင်း မိရာဆော၊ ရာဂါဆာနှင့် ဘူအလွိုင် ဝင်ရောက်တိုက်ခတ်မှုများကြောင့် ဖြစ်ပေါ်လာသော ရေကြီးမှုနှင့် မြေပြိုမှုဖြစ်စဉ်များအတွင်း ပျောက်ဆုံးနေသူ ၁၆ ဦးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း အဆိုပါကောင်စီက ထုတ်ပြန်သည်။ ထို့အတူ သဘာဝဘေးဖြစ်စဉ်များအတွင်း အနည်းဆုံး လူ ၃၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်းလည်း သိရသည်။

အဆိုပါမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်ပြီးနောက် နိုင်ငံတစ်ဝန်း မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် နေအိမ်များ ပျက်စီးခဲ့ပြီး အိမ်ထောင်စုပေါင်း ၉၀၇၀၀၀ နီးပါး(လူဦးရေ ၃ ဒသမ ၄ သန်းကျော်) လည်း ထိခိုက်ခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ဘေးသင့် အိမ်ထောင်စုပေါင်း ၃၀၀၀၀ ကျော်၊ လူဦးရေ ၁၀၆၀၀၀ ကျော်သည် အစိုးရ ကယ်ဆယ်ရေးစခန်းများတွင် ကျန်ရှိနေသေးကြောင်း၊ ထို့အတူ နိုင်ငံတစ်ဝန်း ဒေသငါးခုရှိ မြို့နယ်ပေါင်း ၅၃ ခု၌ လယ်ယာများ၊ လမ်းများနှင့် အခြားအခြေခံ အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ကောင်စီက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**



## အင်ဒိုနီးရှားနိုင်ငံ စားနပ်ရိက္ခာဖူလုံရေးအတွက် စပါးစိုက်ဧရိယာများ တိုးချဲ့ဖော်ဆောင်

**ဂျကာတာ စက်တင်ဘာ ၂၉**

အင်ဒိုနီးရှားနိုင်ငံ ပါပူအာပြည်နယ် မီရော့ခ်ီခရိုင် ဝါနန်တွင် စပါးစိုက်ခင်းဧရိယာ ဟက်တာ ၄၈၁၀၀၀ ခန့်ကို စတင်စိုက်ပျိုးလျက်ရှိပြီး ယင်းဒေသအား အမျိုးသားစားနပ်ရိက္ခာ မဟာဗျူဟာစီမံကိန်း၏ အချက်အချာအဖြစ် ပြောင်းလဲရန် ရည်မှန်းထားကြောင်း စားနပ်ရိက္ခာရေးရာ ညှိနှိုင်းရေးဝန်ကြီး ဇူကစ်ဖ်လီဟာဆန်က စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။



အဆိုပါ စီမံကိန်းသည် ဟက်တာတစ်သန်းခန့်ရှိ စိုက်ပျိုးမြေများကိုဖော်ထုတ်ကာ ဆန်အပါအဝင် အဓိကစားနပ်ရိက္ခာများ ထုတ်လုပ်ခြင်းအပြင် ကြံနှင့် စားအုန်းဆီမှ ဇီဝလောင်စာများကိုပါ ထုတ်လုပ်သွားရန် မျှော်မှန်းထားကြောင်း ဂျကာတာတွင် ကျင်းပသော ညှိနှိုင်းအစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ဟာဆန်က ပြောကြားသည်။

ယင်းစီမံကိန်းသည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များနှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် ပံ့ပိုးမှုနှင့်အတူ စားနပ်ရိက္ခာဖူလုံရေး အစီအစဉ်ကို အထောက်အကူပြုမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

အဆိုပါဖွံ့ဖြိုးရေးစီမံကိန်းမှ တစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ၏ စားနပ်ရိက္ခာ၊ စွမ်းအင်နှင့် ရေဖူလုံရေးရရှိရန် ကြိုးပမ်းဆောင်ရွက်မှု မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားထားသည်။

ထို့ပြင် ဝန်ကြီးက စီမံကိန်း အကောင်အထည် ဖော်ရာတွင် အစိုးရအနေဖြင့် လုံခြုံရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် မြေအသုံးချစီမံချက်များကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ရေရှည်တွင် စီမံကိန်း၏ ထိရောက်မှုနှင့် ခံနိုင်ရည်ရှိမှု ရရှိစေရန်အတွက် မြေအသုံးချခွင့်များနှင့် အခြားခွင့်ပြုချက်များကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ပြောကြားသည်။

**ဆင်ဟွာ**

## အီရတ်နိုင်ငံ၌ ဩဂုတ်လအတွင်း ရေနံစိမ်းတင်ပို့မှု ဝင်ငွေအမေရိကန်ဒေါ်လာ ၇ ဘီလီယံကျော်ရရှိ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၉**

အီရတ်နိုင်ငံသည် ဩဂုတ်လအတွင်း ရေနံစိမ်းတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဘီလီယံကျော် ရရှိခဲ့သည်ဟု အီရတ်ရေနံဈေးကွက်ရှာဖွေရေးအဖွဲ့(အက်စ်အိုအမ်အို)က စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ဩဂုတ်လအတွင်း အီရတ်နိုင်ငံ၏ ရေနံစိမ်းစည်တင်ပို့မှုစုစုပေါင်း ၁၀၄ ဒသမ ၈ သန်းကို ကျော်လွန်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၇ ဒသမ ၁၆ ဘီလီယံခန့်ရရှိခဲ့ကြောင်း တရားဝင်အချက်အလက်များကို ကိုးကား၍ အက်စ်အိုအမ်အိုက ပြောသည်။

အီရတ်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းရေနံမြေများမှ ရေနံစိမ်းစည် ၁၀၃ ဒသမ ၈၉ သန်းခန့်ကို နိုင်ငံ၏ ဗဆ်ရာဆိပ်ကမ်းမှတစ်ဆင့် တင်ပို့ခဲ့ကြောင်း၊ ထို့အပြင် ရေနံစိမ်းစည် ၉၁၁၁၇၈ ကို နိုင်ငံမြောက်ပိုင်း နီနာဗာရ်ပြည်နယ်ရှိ ကေယာရာ ရေနံမြေမှ တင်ပို့ခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံ၏ စီးပွားရေးသည် ရေနံစိမ်းတင်ပို့ရောင်းချမှုအပေါ် ကြီးမားစွာ မှီခိုနေရပြီး နိုင်ငံ့ဝင်ငွေ ၉၀ ရာခိုင်နှုန်းခန့်မှာ ရေနံတင်ပို့ရောင်းချခြင်းမှရရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်၌ သေနတ်ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

**မီချီဂန် စက်တင်ဘာ ၂၉**

သေနတ်သမားတစ်ဦးက အမေရိကန်ပြည်ထောင်စု အနောက်အလယ်ပိုင်းပြည်နယ် တစ်ခုဖြစ်သော မီချီဂန်ပြည်နယ်ရှိ ဘုရားရှိခိုးကျောင်းထဲ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးခန့်သေဆုံးခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။



သေနတ်ပစ်ခတ်မှုသည် မီချီဂန်ပြည်နယ်မြို့တော် ဒက်ထရိုက်မှ တစ်နာရီခန့် ကားမောင်းသွားရသည့် အကွာအဝေးတွင်ရှိသော ဂရန့်ဒ်ဘလန့်စ်မြို့၌ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေနတ်ပစ်သူသည် ဘုရားရှိခိုးကျောင်းရှေ့သို့ ယာဉ်ကို တစ်ဟုန်ထိုး မောင်းဝင်လာခဲ့ပြီးနောက် ကားထဲမှထွက်ကာ ဘုရားရှိခိုးကျောင်းထဲရှိ ဝတ်ပြုရန် စုဝေးနေသော လူအုပ်ကြားထဲသို့ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်ဟု ဒေသရဲတပ်ဖွဲ့က ပြောသည်။

ဒဏ်ရာရရှိသူ ရှစ်ဦးကို ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့သည်။

ထို့နောက် သံသယရှိသူက ဘုရားရှိခိုးကျောင်းကို မီးရှို့ခဲ့သည်။ အေပီသတင်းဌာနမှ ပေးပို့သော ရုပ်သံဖိုင်တွင် မီးတောက်များနှင့် မီးခိုးများသည် ဘုရားရှိခိုးကျောင်းခေါင်မိုးမှ အပေါ်သို့ ထွက်နေသည်ကို တွေ့မြင်နိုင်သည်။

သံသယရှိသူသည် အသက် ၄၀ အရွယ်ရှိ လူတစ်ဦးဖြစ်ပြီး ဘုရားရှိခိုးကျောင်း အနီးတွင် နေထိုင်သူဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ ၎င်းကို ပစ်ခတ်ဖမ်းဆီးရာတွင် သေဆုံးခဲ့သည်။ ယခုကဲ့သို့ လုပ်ဆောင်ခဲ့ရသည့် အကြောင်းနှင့် အသေးစိတ်အချက်အလက်ကို မသိရသေးချေ။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားချိန်တွင် ဘုရားရှိခိုးကျောင်းထဲ၌ လူရာချီရှိကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြခဲ့သည်။

သေဆုံးသူ အရေအတွက် မြင့်တက်လာနိုင်သည်ဟုလည်း ရဲတပ်ဖွဲ့က ပြောသည်။

အဆိုပါ ပစ်ခတ်မှုသည် အမေရိကန်ပြည်ထောင်စုရှိ ခရစ်ယာန်များကို ပစ်မှတ်ထား တိုက်ခိုက်သည့် နောက်ထပ်ပစ်မှတ်တစ်ခုဖြစ်ပုံရသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လူမှုမီဒီယာပေါ်တွင် စက်တင်ဘာ ၂၈ ရက်က ရေးသားဖော်ပြခဲ့သည်။

အကြမ်းဖက် ကူးစက်မှုကပ်ဆိုးကြီး ချက်ချင်းအဆုံးသတ်ရမည်ဟု အမေရိကန်သမ္မတက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေး ဖြစ်ပွားသူပေါင်း ၄၆၀၅၁ ဦးအထိ မြင့်တက်လာ

**ဒါကာ စက်တင်ဘာ ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စက်တင်ဘာ ၂၈ ရက်က ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိသူပေါင်း ၈၄၅ ဦးရှိကြောင်းနှင့် ယင်းမှာ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ တစ်ရက်အတွင်း အများဆုံးအရေအတွက်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဝန်ဆောင်မှုဦးစီးဌာန(ဒီဂျီအိတ်ချ်အက်စ်) က ပြောသည်။

အဆိုပါကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် လက်ရှိအချိန်အထိ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၉၂ ဦးအထိ ရှိလာပြီဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စက်တင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ သွေးလွန်တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူများကြောင့် ယခုနှစ်တွင် လက်ရှိချိန်အထိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၄၆၀၅၁ ဦးအထိ မြင့်တက်လာကြောင်း ဒီဂျီအိတ်ချ်အက်စ်က ပြောသည်။

**ဆင်ဟွာ**



## မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ် သင်္ကောစံပြကျေးရွာ တောင်ပေါက်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တဥဒ္ဒိသမဟာထေရ်၏ရုပ်ကလာပ်တော် ဖူးမြော်ကြည်ညို

**မော်လမြိုင် စက်တင်ဘာ ၂၉** မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက ချောင်းဆုံမြို့နယ် သင်္ကောစံပြကျေးရွာ တောင်ပေါက်ကျောင်းတိုက်သို့ ရောက်ရှိကာ ဘဝနတ်ထံစံမြန်းတော်မူပြီးဖြစ်သည့် သက်တော် (၁၀၆) နှစ်ရှိ တောင်ပေါက်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တဥဒ္ဒိသ မဟာထေရ်၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အန္တိမအဂ္ဂိစျာပန ကျင်းပရေးကော်မတီနာယကဆရာတော်ကြီးများအား ဖူးမြော်ကန်တော့၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များကို ကုသိုလ်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကျောက်ဖြူမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ စက်တင်ဘာ ၂၉** ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၆ ရက်နံနက်ပိုင်းက ကျောက်ဖြူမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူမြို့ နဂါးကျောင်းပရိယတ္တိစာသင်တိုက်၌ ကျောက်ဖြူမြို့ပေါ်ရှိ ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်ကြီးများထံသို့ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စိန်ပန်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူမြို့နယ် မဒဲကျွန်းရှိ အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းသို့ သွားရောက်ကြည့်ရှုကြရာ စီမံကိန်းတာဝန်ခံနှင့်တာဝန်ရှိသူများက ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းများဖြင့် ပို့လွှတ်ပေးနေမှု၊ စီမံကိန်းဧရိယာအတွင်း လုံခြုံရေးကိရိယာများ တပ်ဆင်ထားရှိမှု၊ မီးဘေးလုံခြုံရေးအတွက် စီမံထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။



ယင်းနောက် ရေနံတင်သင်္ဘောများ ဆိုက်ကပ်သည့် ဆိပ်ခံတံတားကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး စီမံကိန်းအတွင်း တာဝန်ထမ်းဆောင်နေကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကားပြောကြားကာ ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းရုံးအစည်းအဝေးခန်းမ၌ စီမံကိန်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စီမံကိန်းဧရိယာအတွင်း ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

### ပေးအပ်ချီးမြှင့်

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများသို့ ဆန်နှင့်အခြေခံစားသောက်ကုန်များ ပေးအပ်ချီးမြှင့်ကြကာ ကျောက်ဖြူမြို့ပေါ်တွင် ဆိုလာစနစ်ဖြင့် လမ်းမီးများရရှိနိုင်ရေး ဆိုလာမီးများ၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတရသစာအုပ်များကို ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောက်ဖြူခရိုင် အထွေထွေရောဂါကု ခုတင် ၂၀၀ ဆံ့ဆေးရုံကြီး၌ ၂၄ နာရီ မီးရရှိနိုင်ရေး 100 KVA ဆိုလာမီးများ တပ်ဆင်ပေးထားမှုကို သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆေးရုံတက်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကာ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ကျောက်ဖြူမြို့ ဘိုးဘွားရိပ်သာသို့သွားရောက်ပြီး ဘိုးဘွားရိပ်သာစောင့်ရှောက်မှုကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ဘိုးဘွားရိပ်သာအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဘိုးဘွားများအား လှူဖွယ်ဝတ္ထုများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကာ ကျောက်ဖြူမြို့ အဝင်တွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသမှုကို သွားရောက်ကြည့်ရှုအားပေးကြပြီး တပ်ဖွဲ့ဝင်များကို ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## နယ်စပ်ကုန်သွယ်မှုများဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များအကြောင်း သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၉** နယ်စပ်ကုန်သွယ်မှုများဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များအကြောင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး ညီလာခံခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ယခုဖွင့်လှစ်ပို့ချမည့် သင်တန်းသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုဆောင်ရွက်ရာတွင် ရနောင်း - ကော့သောင်း- ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေး၊ တရားမဝင် ကုန်သွယ်မှုလျော့နည်းပပျောက်စေရေး၊ ကုန်သည်လုပ်ငန်းရှင်များ၏ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးသင်ကြားပို့ချပေးသွားမည်ဖြစ်သည့်အတွက် အကျိုးရှိမည့်သင်တန်းတစ်ခုဖြစ်ပါကြောင်း။

### စိတ်ပါဝင်စားစွာလေ့လာ

သင်ကြားပို့ချမည့် ဘာသာရပ်များအား မိမိတို့ဝန်ကြီးဌာနအပြင် ကုန်သွယ်မှုနှင့် ဆက်နွှယ်နေသော အခြားဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့် ပြင်ပဘာသာရပ်ကျွမ်းကျင်သူပညာရှင်များက လုပ်ငန်းနယ်ပယ်များရှိ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို အလေးထားသင်ကြားပို့ချပေးသွားမည်ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ပို့ချမှုများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များအကြောင်း သင်တန်းကို ငါးရက်ကြာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၅၆ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

## စစ်ကိုင်းမြို့၌ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်ကိုင်း စက်တင်ဘာ ၂၉**

စစ်ကိုင်းမြို့၌ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့ ရှင်ချမ်းဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

ရှင်ချမ်းဘိုးဘွားရိပ်သာရှိ ဘိုး၊ ဘွား ၈၀ အား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ ဆီးချို စစ်ဆေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ရွာထောင်ဘိုးဘွားရိပ်သာရှိ ဘိုးဘွား ၄၂ ဦးအား



ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**နေလင်းအောင် (ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေး

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးအောင်မြေသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ



ကျန်းမာရေးဝန်ထမ်းများနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများပါဝင်သော ပူးပေါင်းဆေးအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ်အဖြစ် မန်းတောင်ခြေ ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါဘိုးဘွားရိပ်သာ၌ ဆောင်ရွက်ရာ ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လင်းနှင့် သူနာပြုများက ဘိုးဘွား ၃၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်ခြင်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ပခုက္ကူ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ ပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ချိုချိုမာက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် အောင်မြင်ရေးအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ဝင်းမေ(စာကြည့်တိုက်မှူး)က ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာသင့်သည့် စာပေအမျိုးအစားများ၊ စာပေဖတ်ရှုခြင်း၏အကျိုး ကျေးဇူးများအကြောင်း ဟောပြောသည်။



အဆိုပါ ဟောပြောပွဲတွင် ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ပြုလုပ်သည့် ပုံပြင်ပြောပြိုင်ပွဲတွင် "လူမွေးလည်း အပူအေးပါပြီ" ခေါင်းစဉ်ဖြင့် တတိယဆုရရှိခဲ့သော Grade-5 ကျောင်းသူ မသူသူဟန်သာအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ စားသုံးသူကာကွယ်ရေးအသိပညာပေး

**မိတ္ထီလာ စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းစေရေး စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက်က အခြေခံပညာ အထက်တန်းကျောင်း အလည်ရွာ၌ ကျင်းပသည်။

**လာရောက်မေးမြန်းနိုင်**

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးစန်းအောင်က စားသုံးသူရေးရာဦးစီးဌာနတွင် လက်ရှိဆောင်ရွက်နေသော စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မိမိထုတ်ကုန်များကို ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် အခက်အခဲရှိပါက ဌာနသို့ လာရောက်မေးမြန်းနိုင်ကြောင်း ပြောကြားသည်။

**လက်ကမ်းစာစောင်ဖြန့်ဝေ**

လုပ်ငန်းရှင်များ အနေဖြင့်လည်း အခြားကုန်စည်ကို ဝယ်ယူသုံးစွဲရာတွင် မိမိတို့ကိုယ်တိုင် စားသုံးသူများ ဖြစ်သည့်အတွက် စားသုံးသူအခွင့်အရေး နစ်နာဆုံးရှုံးမှုများရှိခဲ့လာပါက တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ရုံးများတွင် ဖွင့်လှစ်ထားသော စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးများနှင့် DOCA Myanmar Application၊ စားသုံးသူရေးရာ ဦးစီးဌာန၏ Website တွင် ဝင်ရောက်လေ့လာ တိုင်ကြားနိုင်ကြောင်း ဆွေးနွေးပြောကြားပြီး ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူအား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ခရမ်းမြို့နယ်၌ တိုင်းရင်းဆေးများဖြင့် ကွင်းဆင်းကုသပေး

**ခရမ်း စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးပညာဖြင့် အမှတ်(၂) ရပ်ကွက် အောင်ဓမ္မရိပ်သာရှိ ယောဂီများအား တိုင်းရင်းဆေးများဖြင့် ဆေးကုသပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ကုသပေး**

အဆိုပါ ကွင်းဆင်းဆေးကုသမှုကို မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်လှမြတ်ထက်က တိုင်းရင်းဆေး အကြောင်းအရာများကို အသိပညာပေးခြင်း၊ နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကျီးပေါင်း၊ ထုံနာ၊ ကျဉ်နာရောဂါ စသည့် လူနာ ၂၈ ဦးတို့အား တိုင်းရင်းဆေးဖြင့်



ကုသပေးခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရမ်း(ပြန်/ဆက်)**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့။**

## ကိုကိုးကျွန်းမြို့နယ်၌ ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**ကိုကိုးကျွန်း စက်တင်ဘာ ၂၉**

ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်က မိမိတို့ဌာနအနေဖြင့် ယခုလို လူငယ်များ ဆေးရောင်ခြယ်ခြင်း၊ ဂိမ်းကစားခြင်း၊ စက္ကူခေါက်ခြင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများ ပြုလုပ်ရခြင်းဖြင့် လူငယ်များ အသိပညာဗဟုသုတတိုးပွားလာမည်ဖြစ်ကြောင်း ဌာန၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်ကလေးများကို ပြိုင်ပွဲစည်းကမ်းနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းပြ၍ စတင်ယှဉ်ပြိုင်စေခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်ကလေးများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**



## မြင်းခြံမြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**မြင်းခြံ စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်ကြားပို့ချသည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို စက်တင်ဘာ ၂၆ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ သဘာဝခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာခဲ၊ မျက်နှာသစ် ဆပ်ပြာခဲ၊ ဘက်စုံသုံးဆပ်ပြာဆီ ပြုလုပ်နည်းစသည့် ပြုလုပ်နည်းများကို သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို ငါးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စွာ(မြင်းခြံ)**



## တွံတေးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေး

**တွံတေး စက်တင်ဘာ ၂၉**

တွံတေးမြို့နယ် ရွှေလှေချောင်(တွံ)ကျေးရွာအုပ်စုရှိ မဲဆန္ဒရှင်ပြည်သူများအား မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ သိရှိစေရန် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို စက်တင်ဘာ ၂၇ ရက်က ရွှေလှေချောင်(တွံ)ကျေးရွာအုပ်စု တမွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆိုင်ရာ အသိပညာပေးအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရှမ်းစုကျေးရွာအုပ်စုနေ မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## မြောင်းမြ၌ လက်ဆွဲမျိုးစေ့ချကိရိယာများ တောင်သူများလက်ဝယ် ပေးအပ်



**မြောင်းမြ စက်တင်ဘာ ၂၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း ဒေသခံတောင်သူများ လုပ်သားအင်အား ရှားပါးမှုဖြေရှင်းပေးနိုင်ရေး၊ မျိုးစေ့ကုန်ကျမှုသက်သာစေရေး၊ ကြဲခင်းပပျောက်ပြီး အချိန်တိုအတွင်း စိုက်ပျိုးနိုင်စေရေးနှင့် စပါးအထွက်နှုန်း ကောင်းမွန်စေရေး စသည့်ကောင်းကျိုးများ ရရှိစေရန် ရည်ရွယ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် လက်ဆွဲမျိုးစေ့ချကိရိယာများ တောင်သူလက်ဝယ်သို့ ပေးအပ်ခြင်းကို စက်တင်ဘာ ၂၇ ရက်က ပြုလုပ်သည်။

ပေးအပ်ပွဲတွင် ခရိုင်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး တောင်သူများ လက်ဝယ်သို့ ပေးအပ်ရာ ဒေသခံတောင်သူ ၁၀ ဦးက လက်ခံရယူသည်။

**ခရိုင်**
**(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ မွေးမြူရေးကျေးရွာထူထောင်ခြင်းအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်

**မိုင်းဖြတ် စက်တင်ဘာ ၂၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာ ထူထောင်ခြင်းအတွက် နိုင်ငံတော်က ထောက်ပံ့သည့် ပဉ္စမအကြိမ်မြောက် ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းကို စက်တင်ဘာ ၂၇ ရက်က ဟိုနားစောမွန်ကျေးရွာ၌ ကျင်းပသည်။



ဦးစွာ တာချီလိတ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာတင်ကိုကိုက မြစိမ်းရောင်(အသားကဏ္ဍ)မွေးမြူရေးကျေးရွာ ထူထောင်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာကော်မတီမှ ဦးစိုင်းခမ်းကျန်က လက်ခံယူသည်။

အဆိုပါ မြစိမ်းရောင်(အသားကဏ္ဍ) ထူထောင်ခြင်းလုပ်ငန်းကို ဟိုနားစောမွန်ကျေးရွာ၌ ၂၀၁၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပဉ္စမအကြိမ်မြောက်လက်ဆင့်ကမ်းဆောင်ရွက်ခဲ့ရာ ကျေးရွာနေပြည်သူများ၏ မွေးမြူရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း၊ မိသားစုဝင်ငွေများ တိုးပွားလျက်ရှိကြောင်း သိရသည်။ **သန်းထွန်းအေး(မိုင်းဖြတ်)**

## ပြည်ခရိုင်(ဇီးအုပ်)၌ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်လှစ်

**ပြည် စက်တင်ဘာ ၂၉**
ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့နယ်ရှိ (ဇီးအုပ်)တောင်သူလယ်သမား သင်တန်းကျောင်း၌ စက်တင်ဘာ ၂၅ ရက်က တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း အမှတ်စဉ် (၂/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီအဖွဲ့များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား တောင်သူ ၄၀ တက်ရောက်ကြသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းနှင့် ပတ်သက်၍အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



သင်တန်းတွင် ကဏ္ဍအလိုက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကျွမ်းကျင် နည်းပြဆရာ ဆရာမများက စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုလယ်ယာကဏ္ဍ၊ ဆည်မြောင်းကဏ္ဍနှင့် စားသုံးသူရေးရာကဏ္ဍ အစရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာရပ်များကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ စာတွေ့လက်တွေ့ သင်ကြား ပို့ချခဲ့ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

## မုဒုံမြို့၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်

**မုဒုံ စက်တင်ဘာ ၂၉**
မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် ဖွင့်လှစ်သည့် ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဒုတိယအကြိမ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မုဒုံ)၌ ပြုလုပ်သည်။



သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်နှင်းဖြိုးက ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာ၊ ဗဟုသုတ တိုးပွားလာစေရန်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာများရရှိစေရန်၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ပြီး ဒစ်ဂျစ်တယ်စီးပွားရေးစဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရန်အတွက် ရည်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက ဈေးကွက်သို့ ဝင်ရောက်ရောင်းချနိုင်ရေးအတွက် ဌာနမှရေးဆွဲနေပြီဖြစ်သည့် E-Commerce Website သို့ဝင်ရောက်နည်း၊ Online Registration အသုံးပြုနည်းအဆင့်ဆင့်ကို အသေးစားစက်မှုလက်မှုလုပ်ငန်းရှင် ၂၀ အား ရှင်းလင်းပို့ချခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ပွင့်ဖြူ စက်တင်ဘာ ၂၉**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဒေသတွင်း ငါးသယံဇာတကြွယ်ဝစေရန်နှင့် ပြည်သူများအတွက် ငါးစားသုံးမှု ဖူလုံစေရန် ရည်ရွယ်၍ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာအနီး ဧရာဝတီမြစ်ဆိပ်၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်စံပယ်လှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ငါးသယံဇာတကြွယ်ဝစေရေးအတွက် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၁၃၅၀၀၀ အား ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



## မင်းလှမြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ ကာကွယ်ဆေးထိုးနှံပေး

**မင်းလှ စက်တင်ဘာ ၂၉**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခွေးရူးရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ယမန်နေ့တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သရော(ဂျီ)အုပ်စု ငှက်ကြီးသိုက်ကျေးရွာ၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ဝင်းက ခွေးရူးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ဒေါက်တာကျော်ဝင်းနှင့်ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများအတွင်း ဘုန်းတော်ကြီးကျောင်းများရှိ ခွေးများ၊ စာသင်ကျောင်းများနှင့် ဈေးများဝန်းကျင်ရှိ ခွေးများ၊ ရပ်ရွာအတွင်း နေအိမ်များရှိ ခွေးများကို အခမဲ့ခွေးရူးကာကွယ်ဆေးများ လိုက်လံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**



## ရွှေတောင်မြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံ

**ရွှေတောင် စက်တင်ဘာ ၂၉**
ရွှေတောင်မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက ရွှေတောင်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့၌ ထိုးနှံပေးသည်။

ဆေးထိုးနှံပေးရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအေးချမ်းဝင်း က ခွေးရူးရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာအချို့တို့တွင် မွေးမြူထားသော ခွေးအကောင် ၅၀ ကို ခွေးရူးပြန်ရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို ထိုးနှံပေးခဲ့သည်။

**ကိုကိုမင်း(ပြန်/ဆက်)**

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌
မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့်
လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟို)အဆင့်သို့ ကယားပြည်နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံပေးအပ်



**နေပြည်တော် စက်တင်ဘာ ၂၉**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟို) အဆင့်သို့ ကယားပြည်နယ် ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား အောင်နိုင်ရေး အလံပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်မောင်မယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး သွားရောက် ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များကို အောင်နိုင်ရေး အလံပေးအပ်ရာ ပြည်နယ် အောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီးက လက်ခံရယူသည်။ (ဓာတ်ပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်များအတွက် ပြိုင်ပွဲစရိတ်များကို ပေးအပ်ရာ အဖွဲ့အုပ်ချုပ်သူက လည်းကောင်း၊ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် နည်းပြဆရာများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကိုယ်စားလှယ်နှစ်ဦးက လည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် ဗဟိုအဆင့် ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုကြပြီး ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ ကယားပြည်နယ်မှ အခြေခံပညာ (၁၀-၁၅)အဆင့်၊ အခြေခံပညာ (၁၅-၂၀) အဆင့်နှင့် အဆင့်မြင့်ပညာအဆင့်တို့တွင် ပြိုင်ပွဲဝင် ၁၃၁ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ ဒီရေတောထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြော

**ထားဝယ် စက်တင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပင်လယ်ကမ်းရိုးတန်းဒေသဘက်စုံ စီမံအုပ်ချုပ်လုပ်ကိုင်မှု (ICM) အစီအစဉ် ပထမငါးနှစ်စီမံချက်အရ ဒီရေတောထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် ထားဝယ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က ဒီရေတောထိန်းသိမ်းရေး၊ ဒီရေတောများ၏ အကျိုးကျေးဇူးများ၊ ဆောင်ရန်ရှောင်ရန် သိရှိလိုက်နာရမည့်အချက်များနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာအကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် သင်တန်းသားသင်တန်းသူများနှင့် ဆရာ ဆရာမများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားပြီး တက်ရောက်လာသူများအား သစ်ပင်စိုက်ပျိုးခြင်းဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



# ကျိုက်လတ်မြို့နယ်၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်း

**ကျိုက်လတ် စက်တင်ဘာ ၂၉**

ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) မြို့နယ်အဆင့် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်က ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ သွင်းအားစုငွေကြေးဝန်ဆောင်မှုနှင့် နည်းပညာများပံ့ပိုးပေးခြင်းဖြင့် ကျေးလက်စီးပွားရေး မြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန် စသည့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ကျိုက်လတ်(ပြန်/ဆက်)

# အင်းစိန်မြို့နယ်၌ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၉**

အင်းစိန်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် အင်းစိန်မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်အိအိဖြူ၊ ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် ဦးကျော်လွင်ဦးတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ရှင်းလင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ရွှေဆိုင်လုပ်ငန်း၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်း၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းများမှ လုပ်ငန်းရှင်များ စုစုပေါင်း ၁၁၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။



ဇင်မင်းထိုက်(ပြန်/ဆက်)

| ၂၉ - ၉ - ၂၀၂၅ | ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် | | | ဘီလီယံ- စုစည်းသည် |
|---|---|---|---|---|
| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
| FMI | ၈၀၀၀ | ၇၉၀၀ | ၄၃၃ | ၃၄၅၄၀၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၅၉၉၀ | ၂၀၃၆၆၀၀၀ |
| MCB | ၈၅၀၀ | ၈၃၀၀ | ၆ | ၅၀၀၀၀ |
| FPB | ၂၇၅၀ | ၂၇၀၀ | ၇၈၇၀ | ၂၁၄၁၆၆၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၅၀၁ | ၁၃၇၇၇၅၀ |
| EFR | ၂၀၅၀ | ၁၉၀၀ | ၇၁၀ | ၁၃၈၀၄၀၀ |
| AMATA | ၃၂၅၀ | ၃၂၅၀ | ၂၈၁ | ၉၁၁၀၅၀ |
| MAEX | ၃၄၅၀ | ၃၄၅၀ | ၂၆၀ | ၈၉၇၀၀၀ |

**စာအုပ်စာပေလူ့မိတ်ဆွေ၊ စာပေမြင့်မှ လူမျိုးတင့်မည်**

# လားရှိုးမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်များပြသ

**လားရှိုး စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးက စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်များ ပြသဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ စာအုပ်စာစောင်ပြပွဲအား စာဖတ်ရှိန်မြှင့်တင်ရန်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်နှင့်လည်း ရင်းနှီးကျွမ်းဝင်မှု ပိုမိုရရှိစေရန်၊ စာအုပ်စာပေကောင်းများ လေ့လာရှာမှီးတတ်စေရန်ရည်ရွယ်၍ ပြသခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်ဓာတ်ပုံပြပွဲအား ပြသခဲ့ရာ တက်ရောက်လာသည့် ဒေသခံပြည်သူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တိုက်ကြီးမြို့နယ် စမ်းရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချောင်းစောက်ကျေးရွာအုပ်စု စမ်းရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ စမ်းရွာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၉ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းတိုက် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မိတ္ထီလာမြို့ရှိ နယ်မြေခံတပ်၌ Artillery Gunners Foundation မှ ပညာရည်ထူးချွန်ဆုများ ပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ကျင်းပရာ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် လေကြောင်းရန် ကာကွယ်ရေး တပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့နှင့် ဒုံးတပ်ဖွဲ့တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များ၏ သားသမီးများ၊ စစ်သည်များ၊ အငြိမ်းစားတပ်ဖွဲ့ဝင်များ၏ သားသမီးများအား တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

# ဟသ်ာတမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ဟသ်ာတ စက်တင်ဘာ ၂၉**

ဟသ်ာတမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟသ်ာခန်းမ၌ ယနေ့ နံနက်ပိုင်းက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား သင်ကြားပြသခဲ့သော ဆရာ ဆရာမများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက “ပညာ့ဗိမာန်”တေးသီချင်းနှင့် ပညာရည်ချွန်ဆုနှင်းသဘင် သီချင်းတို့ကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဟသ်ာတခရိုင် ပညာရေးမှူး ဆရာမကြီး ဒေါ်စန်းယုမော်က ဂုဏ်ပြုချီးမြှင့် အမှာစကားပြောကြားခဲ့ပြီးနောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တို့တွင် ဆုရရှိခဲ့ကြသော အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်းခွဲများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများနှင့် ခြောက်ဘာသာ၊ ငါးဘာသာဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးတို့ဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်နှင့်မြို့နယ်ပညာရေးဌာန တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ခရိုင်(ပြန်/ဆက်)**





# ဟုမ္မလင်းမြို့နယ်၌ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ၊ ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေး

**ဟုမ္မလင်း စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန၊ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တို့ ပူးပေါင်း၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဟုမ္မလင်းမြို့နယ် လူမှုဝန်ထမ်းဌာနမှ ဦးစီးအရာရှိ ဦးလှဆိုင်းက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရသည့် ဖြစ်စဉ်များနှင့် ဆိုးကျိုးများ၊ နောက်ဆက်တွဲဆိုးကျိုးများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမခံရအောင် ကြိုတင်ကာကွယ်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းနယ်ပယ်များ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံရသူများအား ပြန်လည်ရှင်သန်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ တိုင်ကြားမှုယန္တရားများအကြောင်းနှင့် ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဟုမ္မလင်းမြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ ဥက္ကဋ္ဌ ဒေါ်ရွှေမြင့်အုန်းက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေနှင့် အမျိုးသမီးဆိုင်ရာ အခွင့်အရေးများ၊ ဥပဒေရေးရာအကာအကွယ်များအကြောင်းကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

* ကျောဖုံးမှ

နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ငါးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် ဘီအေ-၆၃ တစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ ၄၀ မမ လက်လုပ်သေနတ် တစ်လက်၊ တူမီးသေနတ်တစ်လက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဂုဏ်ပြုဆုငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

● ကျောဖုံးမှ

ဘာစီလိုနာအသင်းသည် ပွဲစတင်သည်နှင့်တစ်ပြိုင်နက် ဘောလုံးပိုင်ဆိုင်မှုအသာနှင့်အတူ ဖိအားပေးကစားနိုင်ခဲ့သည်။ သို့သော်လည်း ပွဲကစားချိန် ၃၁ မိနစ်တွင် ဆိုစီဒက်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး အသင်းကစားသမား အယ်လ်ဗာရို အိုဒီရိုဇိုလာက တန်ပြန်တိုက်စစ်ဆင်မှုမှ တစ်ဆင့် ရရှိလာသည့်အခွင့်အရေးကို အမိအရအသုံးချကာ အမှားအယွင်းမရှိ အဆုံးသတ်သွင်းယူနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ပထမပိုင်းပွဲကစားချိန်ပြည့်ခါနီးတွင် ချေပဂိုးရရှိခဲ့သည်။ အဆိုပါချေပဂိုးကို ရက်ဖို့ဒ်၏ ဖန်တီးပေးမှုမှ ကွန်ဒေးက ခေါင်းတိုက်အဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေကျနေသည်။ ဒုတိယပိုင်းတွင် လူစားဝင်ကစားသမား လာမင်းယာမဲလ်ခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ဖန်တီးပေးနိုင်ခဲ့သည်။ ယာမဲလ်၏ တိကျသည့် ကန်တင်ပေးပို့မှုကို အသင်းအဓိက တိုက်စစ်ကစားသမား လီဝမ်ဒေါစကီးက အဆုံးသတ်သွင်းယူနိုင်ခဲ့သည်။

ပွဲချိန်တစ်လျှောက်တွင် ဆိုစီဒက်အသင်းဂိုးသမား အဲလက်စ်ရီမီရိုအထူးလက်စွမ်းပြသနိုင်ခဲ့ပြီး ဘာစီလိုနာအသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို ဟန့်တားကာကွယ်နိုင်ခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် အဓိကပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းကို ကျော်ဖြတ်ကာ အမှတ်ပေးဇယားကို တစ်ကျော့ပြန်ဦးဆောင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဆီဗီလာက ဗယ်လက်ကာနိုကို တစ်ဂိုး-ဂိုးမရှိ၊ အယ်ချီက ဆဲလ်တာဗီဂိုကို နှစ် ဂိုး-တစ်ဂိုး၊ ဘက်တစ်က အိုဆာဆူနာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့သည်။ **အောင်ဇော်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်၊ တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့်ရေယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် တောင်ဥက္ကလာပမြို့နယ် ၁၆ ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၂၇ ရက်တွင် သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၃၉ မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၁၁၂၀၃၇၂) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Dei Wi ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၇၁၈၁၄၈)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၄၈၃၈၅၂၀ ကို အမှုတွဲဖွင့်လှစ်အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မုတ္တာမဆိပ်ကမ်း(လှိုင်သာယာ)၌ ကော့သောင်း မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃၅ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၄၈၉၇၇၀၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Bon San ရေယာဉ်တစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၆၂၇၉၁၂)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၀၆၉၅၆၂၀ ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။


အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

စက်တင်ဘာ ၁၉ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၉၅၅၃၄၁၄၀)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

(၂၉-၉-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၁-၉-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈-၉-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၄၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉** - ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ဒလန်စွပ်စွဲ လူသတ်နှိပ်စက်နေတဲ့ TNLA၊ PDF အကြမ်းဖက်တွေရဲ့လက်အောက်မှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်များ စတေးခံနေရ"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမြင်မတူ ခံယူချက်မတူရင် လက်နက်မဲ့ပြည်သူကို လက်နက်အားကိုးနဲ့ လိုက်လံသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## MNL ပြိုင်ပွဲ ပွဲစဉ် (၅) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်း ထိပ်ဆုံးရောက်လာ

**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅)ကို စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပရာ ဒဂုံစတားယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေပွဲကိုယ်စီ ကြုံတွေ့ခဲ့သဖြင့် ရန်ကုန်ယူနိုက်တက်အသင်း ထိပ်ဆုံးရောက်ရှိလာသည်။

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ကပိုင်ကျေးရွာနေ ဒေါ်ခင်လှိုင်စိန် ၇/လပတ(နိုင်)၁၂၂၅၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ မမေသဇင်သန်း (ဘ)ဦးကြည်သန်း ၁၂/ရပသ(နိုင်)၀၈၅၈၀၁ သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အဝေးတစ်နေရာမှ နေ၍ မိခင်ခွင့်မလွှတ်နိုင်သည့် အပြုအမူများပြုလုပ်၍ မိခင်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ဒေါ်ခင်လှိုင်စိန်၏မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်လှိုင်စိန်** | **ဒေါ်မြင့်မြင့်ဆွေ (LL.B, LL.M,D.B.L, D.I.P.L)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၅၂၂)** |
| | **အမှတ် (၂၃)၊ ၄-လွှာ/အေ၊ ပုသိမ်ညွှန့်(၃)လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့** |
| | **ဖုန်း - ၀၉-၇၉၈၃၉၁၆၀၅၊ ၀၉-၄၂၀၀၉၈၉၃၈** |

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 68W/49055, Haojue 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မျိုးနိုင် ၁၄/မအန(နိုင်) ၂၁၀၆၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၁၆၄၇)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးခိုင်မင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ ကိုယ်စား ဒေါ်ထားထားလှိုင် (ဘ) ဦးမြ ၉/ပဥလ(နိုင်)၀၀၈၂၀၅ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၈၈၅/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ခင်နွဲ့မူ (ဘ) ဦးကြည်မောင် ၇/ပမန(နိုင်)၀၅၂၃၅၂ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/58059 Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖူးဖူးငယ် ၉/ပကခ(နိုင်)၀၅၈၂၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/76450 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းယွန်းရွှေကြာ ၁၃/ကမန(နိုင်)၁၄၅၀၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရွှေအိုးရပ်နေ ခင်မောင်ထွေး ၅/ဝလန(နိုင်)၁၀၅၅၂၁ (ဘ) ဦးငြိမ်းအေး ကိုင်ဆောင်သော ပတ်စ်ပို့အမှတ် (MA-199978) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၆၃၃၀၀၅

## ပျောက်ဆုံးကြောင်း

ဦးမြတ်ကိုဟန်(ဘ)ဦးရွှေမြင့် ၁၂/ဥကတ(နိုင်)၁၉၁၈၈၄ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၂၂၉၇၉၈

## အမည်နှင့်မွေးသက္ကရာဇ်အမှန်

ဒိုက်ဦးမြို့နယ်၊ ဦးဒေါင်းစုကျေးရွာနေ (ဘ)ဦးတင်ဌေး ၏ သမီးဖြစ်သူ ဒေါ်နွဲ့နွဲ့ရီ၏အမည်မှန်မှာ ဒေါ်နွဲ့ရီ ၇/ကဝန(နိုင်)၀၆၀၂၉၆ ဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၀-၅-၁၉၆၇ ဖြစ်ပါကြောင်း။

ဒေါ်နွဲ့ရီ

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အထက(ခွဲ)-ငမဲအိုင်ကျောင်းမှ ဒု-အလယ်တန်းပြ ဆရာမ ဒေါ်တင်တင်လှိုင် ၁၄/ဟသတ(နိုင်)၂၁၇၄၉၀၏ ဖခင်အမည်မှာ ဦးအောင်ခင် (ခ)ဦးကုလားသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်တင်တင်လှိုင်

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/23956, Sprinter 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ဦး ၁၄/မအန(နိုင်)၁၁၉၄၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ဟင်္သာတ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/8495 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုဝင်း ၇/ဇကန(နိုင်) ၀၂၃၆၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/88675 New Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၉/အမရ(နိုင်)၀၈၄၇၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/7002 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉၂

ဦးအောင်အောင် နှင့် ၁။ ဦးသန်းရွှေအောင်
၂။ ဦးလှသွင်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊ ဆပ်သွားဖူးလမ်း အမှတ်-၄၆/၂ နေ (၂)တရားပြိုင် ဦးလှသွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၁၅-၁၂-၂၀၂၂ ရက်စွဲပါ မြေကွက်နှင့်နေအိမ် အရောင်းအဝယ် ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင်အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ လ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(နှယ်နီထွန်း)
ဒုတိယခရိုင်တရားသူကြီး(၂)
မရမ်းကုန်းခရိုင်တရားရုံး

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ )
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၆၆

**ကွယ်လွန်သူ ဦးတင်မောင်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ သင်္ဂတုံကျေးရွာ၌နေထိုင်ခဲ့သော ကွယ်လွန်သူဦးတင်မောင်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဖြိုးဝေက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးတင်မောင်၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအား ဖြင့်သော်လည်းကောင်းလာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဖြိုးဝေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်မြင့်ချစ်ကျော်)
ဒုတိယခရိုင်တရားသူကြီး(၂)
ကျောက်ဆည်ခရိုင်တရားရုံး

## ကျောက်တန်းမြို့နယ်ရှိ မြေကွက်အား တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ရပ်ကွက်၊ ကျိုက္ကမော့ကွင်း၊ ကွင်းအမှတ် (၆၁၉)၊ ဦးပိုင်အမှတ် (၁၆၆/၁၃)ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၂၂ဧကအကျယ်ရှိ ဥယျာဉ်ခြံမြေအမျိုးအစားအား လူနေရပ်ကွက်အဖြစ် သတ်မှတ်ထားသော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးခင်စိုး ၁၂/ရကန(နိုင်) ၀၄၈၂၆၇ အမည်ဖြင့် ကျောက်တန်းမြို့နယ်၊ မြေစာရင်းရုံးတွင် မှတ်သားထားပါသည်။ ဦးခင်စိုးသည် ၎င်းပိုင်ဆိုင်သည့် အထက်ဖော်ပြပါ မြေကွက်သည် အရှုပ်အရှင်း ပြဿနာကင်းရှင်းကြောင်း၊ တခြားသူတစ်ဦးတစ်ယောက်အား ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းထားခြင်းအလျှင်းမရှိကြောင်း ဝန်ခံကြေညာလျက် ကျွန်ုပ်မိတ်ဆွေ ဝယ်ယူသူ ဦးအောင်မိုး ၇/ညလပ(နိုင်) ၀၀၉၆၂၄အား ၉-၈-၂၀၁၃ရက်၌ နှစ်ဦးသဘောတူ ကာလတန်ဖိုးငွေသတ်မှတ်၍ အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး လက်ရောက်ရရှိကာ မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးအောင်မိုးသည် ဝယ်ယူထားသည့် မြေကွက်အား လုံခြုံမှုရှိစေရန်နှင့် လက်ရောက်ရရှိကြောင်း ကျောက်တိုင်ပတ်လည်စိုက်ထူပြီး သံဆူးကြိုးများ ကာရံခဲ့ပါသည်။ ဝယ်ယူပြီး နောက်ပိုင်း မကြာခဏ မြေကွက်အား လာရောက်ကြည့်ရှုခဲ့ပါသည်။ သို့သော် လွန်ခဲ့သော ၂၅ -၈ - ၂၀၂၅ရက်က မိမိလက်ရှိပိုင်ဆိုင်သော အထက်ဖော်ပြပါ မြေကွက်အတွင်းသို့ ကာရံထားသော ကျောက်တိုင်များကိုဝင်ရောက်ကျူးကျော်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် သွားရောက်တားမြစ်ရာကျူးကျော်သူဆိုသူက ဖယ်ရှားထွက်ခွာပေးရန် ငြင်းဆန်ခဲ့ပါသည်။ ထို့အတွက် ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်သော မြေကွက်အပေါ် အကာအရံများ ကျူးကျော်ရယူထားခြင်းနှင့် မမှန်မကန် မြေကွက်ရရှိအောင် ပူးပေါင်းဆောင်ရွက်ထားသူများကို ဥပဒေနှင့်အညီ ပြစ်မှုကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။ သို့ဖြစ်ပါ၍ အမည်ပေါက် ဦးခင်စိုး ထံမှ တရားဝင်ဝယ်ယူထားသူ ကျွန်ုပ်မိတ်ဆွေ ဦးအောင်မိုး မှတပါးအခြားမည်သူမျှ ပိုင်ဆိုင်ခွင့်မရှိပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်မိုး (ဘ) ဦးကြည်** | **ဒေါ်မေသွယ်တင်လတ် (LL.B, D.B.L, D.I.L)** |
| **၇/ညလပ(နိုင်) ၀၀၉၆၂၄** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၂)** |
| | **တိုက် (၆/၃၁)၊ ဘယသုဒ္ဓိလမ်း၊** |
| | **ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း -၀၁-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉** |

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အထက(ခွဲ)-အလယ်စု (အိပ်ပျက်) ကျောင်းမှ လယ်အုပ် ဆရာမ နော်စေးပလိုဖော ၁၄/ဇလန(နိုင်)၀၉၄၇၇၂၏ ဖခင်အမည်မှာ ဦးကြာသိန်း(ခ)ဦးစောကြာသိန်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

နော်စေးပလိုဖော

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အထက(ခွဲ)-သာဒီကုလားစုကျောင်းမှ အထပြ ဆရာမ ဒေါ်အေးအေးမော် ၁၄/ဟသတ(နိုင်)၀၄၈၈၀၉ ၏ ဖခင်အမည်မှာ ဦးတလုတ် (ခ)ဦးတလုပ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်အေးအေးမော်

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အထက-ယုန်သလင်းကျောင်းမှ အထပြ ဆရာမ ဒေါ်နှင်းမြအေး ၁၄/ဟသတ(နိုင်)၂၀၀၇၈၀ ၏ ဖခင်အမည်မှာ ဦးတင်အောင်လွင်(ခ)ဦးနေလင်းထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နှင်းမြအေး

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အထက-ယုန်သလင်းကျောင်းမှ မူလတန်းပြ ဆရာမ နန့်အေးအေးအောင် ၁၄/ဟသတ(နိုင်)၂၇၆၆၀၈ ၏ ဖခင်အမည်မှာ ဦးသန်းအောင်(ခ) မန်းသန်းအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

နန့်အေးအေးအောင်

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အထက-(၄) ကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်ငွေရီ ၁၄/ဟသတ (နိုင်) ၀၂၁၇၇၄ ၏ ဖခင်အမည်မှာ ဦးအုန်းလှ(ခ) ဦးအုံးလှသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ငွေရီ

## တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အထက(ခွဲ)-ကြက်ပြေးကျောင်းမှ ဒု-အလယ်တန်းပြ ဆရာမ ဒေါ်လွဲ့လွဲ့ခိုင် ၁၄/ဟသတ(နိုင်)၂၀၄၈၆၉ ၏ အမည်မှာ ဒေါ်လွဲ့လွဲ့ခိုင်(ခ) နော်လွဲ့လွဲ့ခိုင် သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်လွဲ့လွဲ့ခိုင်

## တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ် အထက-ယုန်သလင်းကျောင်းမှ စာရေး(၂) စလွင်မျိုးအောင် ၁၄/ဟသတ (နိုင်) ၁၁၈၁၆၇ ၏ အမည်မှာ စလွင်မျိုးအောင်(ခ)မန်းလွင်မျိုးအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

စလွင်မျိုးအောင်

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ တပင်ရွှေထီးရပ်ကွက်၊ မြေတိုင်းရပ် ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ မြေကွက်အမှတ် ပစ(င)၅၃၄၀ကို အမည်ပေါက် ခွဲတပ်ကြပ်ကြီး ဌေးရှိန်(ဘ)ဦးထင်ရွှေ ၁၂/ဥကမ(နိုင်)၀၃၆၂၇၃ (ကွယ်လွန်)၏ အမွေခံဇနီးဖြစ်သူ ဒေါ်စိန်ဌေး(ဘ)ဦးထွန်းခိုင် ၁၂/ဥကမ(နိုင်)၀၃၆၂၅၇ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ မြေငှားရမ်းခပြေစာ၊ အမည်ပေါက်၏သေဆုံးမှုလက်မှတ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်နှင့် ရဲစခန်း ထောက်ခံချက်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၂)၊ အင်း၀(၁)လမ်း၊ မြေကွက်အမှတ်(၁၂၇)၊ (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း(အမှတ်-၁၅၇နှင့် ကပ်လျက်ခြမ်း)ဖြစ်သည့် အမှတ်(၁၂၇/က)၊ (၂၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်မေမေသန်း(MMA-၁၉၀၈၇၄) အမည်ပေါက် မြေချပါမစ်မူရင်း၊ အဆက်စပ်စာချုပ်စာတမ်းတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ပိုးဟန်နီဇော် ၁၂/ဥကတ(နိုင်) ၁၈၁၄၆၁ မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆို ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာ တမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီး မြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးအောင်ဇော်ဇော်သန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး LL.B တရားလွှတ်တော်ရှေ့နေ(စဉ် ၇၈၁၅) ဦးဇော်မိုးလွင် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)**

**ဖုန်း-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## ဖခင်တစ်ဦးတည်း ဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အထက-လက်ပံလှကျောင်းမှ ဒု-မူလတန်းပြ ဆရာမ ဒေါ်နိုင်နိုင်မော် ၁၄/ဟသတ(နိုင်)၂၄၈၅၅၇၏ ဖခင်အမည်မှာ ဦးကျော်ဝင်း(ခ)ဦးကျော်တင်ဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နိုင်နိုင်မော်

## အမည်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ် အထက(ခွဲ)-မန်းကုန်းကျောင်း မှ ဒု-အလယ်တန်းပြ ဆရာမ ဒေါ်သင်းစုလှိုင် ၁၄/ဟသတ(နိုင်)၂၅၈၉၇၅ ၏ အမည်မှာ ဒေါ်သင်းစုလှိုင်(ခ) ဒေါ်သင်းဇူလှိုင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်သင်းစုလှိုင်

## အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်8J/4793၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ဃ/၄၀၄၆၇, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမိုးဆွေ ၁၄/မမန(နိုင်)၀၀၂၅၁၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟင်္သာတ)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးခင်မောင်ကြည် ၉/ဝတန(နိုင်)၀၀၇၀၈၃ (ဘ)ဦးလွန်းမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၁၇၁၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၇၃/၂၀၂၀(၂၄-၈-၂၀၂၀) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အေးသီရိမွန် ၆/မမန(နိုင်)၁၄၀၈၃၇ (ဘ)ဦးမြင့်အေး မှ ဦးသန့်ဇင် ၁၂/ဥကမ(နိုင်)၁၄၇၃၇၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်နေသူ ဒေါ်သက်နွယ်မျိုး (ဘ)ဦးခင်မောင်မြင့် ၉/ပမန(နိုင်)၁၆၅၄၅၂ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်-

BEAUTY MASTER
COSMETICS DISTRIBUTION CHAIN STORE

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်နွယ်မျိုးသည် အထက်ဖော်ပြပါ "Beauty Master Cosmetics" တံဆိပ်ကို တစ်ဦးတည်း မူပိုင်အမှတ်တံဆိပ်အဖြစ် ပျဉ်းမနားမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ် အမှတ် (၁၄၁/၂၀၂၅)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် "Cosmetics ပစ္စည်းအရောင်းဆိုင်" ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်နွယ်မျိုးပိုင် အဆိုပါလုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားကို အခြားသူတစ်ဦးတစ်ယောက်မှလည်းကောင်း၊ အခြားအသင်းအဖွဲ့/အဖွဲ့အစည်းများမှလည်းကောင်း၊ အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပမှုများမပြုလုပ်ကြရန်နှင့် ပြုလုပ်ကြောင်း တွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာ လိုက်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးမြင့်ထူးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၈၀၅၅/၂၀၂၂**
**အမှတ်(၇/၁၈၈)၊ ဒေါနလမ်း၊ ပန်းခင်း(၂)၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၂၀၇၅၉၄၄၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၀)၊ မြေညီထပ်၊ တိုက်မျက်နှာမူလျှင် ဘယ်ဘက်အခန်းဟုခေါ်တွင်သည့် တိုက်ခန်းကိုပိုင်ဆိုင်သူ ဦးထွန်းဦး (ကွယ်လွန်)၏ဇနီး ဒေါ်မြင့်မြင့်အေး ၆/မအရ(နိုင်)၀၃၈၅၈၃ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကျွန်တော့်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မျိုးလှိုင် ၁၂/လသန(နိုင်)၀၁၈၇၂၂**
**ဖုန်း-၀၉-၅၁၂၁၈၇၂၊ ၀၉-၉၆၀၀၅၀၇၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာမြို့သစ်၊ မြေကွက်အမှတ် (၁၀၈၀)၊ ဧရိယာအလျား(၃၀)ပေ x အနံ(၅၀)ပေ သစ္စာလမ်းရှိ ဦးဝင်းမောင် အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေ၏မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သိန်းသိန်း ၁၂/မဂဒ(နိုင်)၀၅၈၅၉၆ က ခင်ပွန်းဖြစ်သူ ဦးဝင်းမောင် ကွယ်လွန်၍ လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလာခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဦးသက်လွင်(ခ)ဘိုဘို ၁၂/မဂဒ(နိုင်)၂၀၂၆၅၀ မှ အထက်ပါ မြေကွက်အား ဝယ်ယူရန်အတွက် မြေကွက် တစ်ခုလုံး၏တန်ဖိုးငွေအတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဒေါ်သိန်းသိန်း ၏မြေကွက်နှင့်စပ်လျဉ်း၍အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသက်လွင်(ခ)ဘိုဘို ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက မြေကွက် အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်လွင် (ခ) ဘိုဘို ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်လွင် (ခ) ဘိုဘို** | **ဦးထွန်းမြတ် (LL.B)စဉ်-၉၃၁၃** |
| **၁၂/မဂဒ(နိုင်)၂၀၂၆၅၆** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း -၀၉-၉၇၁၉၈၂၃၈၈** | **ဖုန်း- ၀၉-၂၅၀၁၆၈၁၇၈** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**

**ရွှေပြည်သာမြို့နယ်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂**

ဒေါ်သင်းသင်းမော် **နှင့်** ၁။ ဒေါ်သန်းသန်းစိုး
၂။ ဦးသဲမင်းဇော်
၃။ ဒေါ်တင်တင်ဦး

**တရားလို** **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ စကမြားကျေးရွာအုပ်စု၊ သဘော်ကျင်းကျေးရွာ ရပ်နေ (၃)တရားပြိုင် ဒေါ်တင်တင်ဦး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်(၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် သင်အားကိုးအားထားပြုမည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုမြတ်သန္တာထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဋ္ဋိက(၁၃)လမ်း၊ (၁၀)ရပ်ကွက်၊ အမှတ်(၂၈၈/ခ)၊ တောင်ဥက္ကလာပမြို့နယ်၊ အကျယ်အဝန်း ပေ(၂၀x၆၀) မြေရှင် ဒေါ်သန်းသန်း(ခ)ဒေါ်နွယ် (ISN-111999) အမည်ပေါက် နှစ်(၆၀) ဂရန်မြေနှင့် ဦးအေးထွန်း ကန်ထရိုက်တာ ၁၂/ဥကမ(ပြု)၀၀၀၈၂၅ AT Golden Brother Construction & Demolition Co.Ltd တို့သည် ၆-၄-၂၀၂၅ရက်တွင် နှစ်ဦး သဘောတူ အခန်းပေး အခန်းယူစနစ်ဖြင့် အကျယ်အဝန်း ပေ(၂၀x၆၀)ပေါ်ရှိ မြေကွက်ပေါ်တွင် စတုရန်းပေ (၁၈x၅၄)ရှိ တစ်ခန်း(၆)ထပ်တိုက် အဆောက်အအုံအား ဆောက်လုပ်ရန် သဘောတူညီခဲ့ကြပြီး အဆိုပါအဆောက်အအုံတွင် ကန်ထရိုက်တာ ဦးအေးထွန်း ရရှိသော အခန်းဖြစ်သည်။ တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်(၁၀)၊ မြေကွက်အမှတ်(၂၈၈/ခ) မြေကွက်ပေါ်ရှိ တစ်ခန်း(၆)ထပ်တိုက် အဆောက်အအုံရှိ ပဉ္စမထပ်(၆)လွှာ အကျယ်အဝန်း ပေ(၁၈x၅၄)ရှိ တိုက်ခန်းဥပစာကို ၂၇-၉-၂၀၂၅ရက်တွင် ကျွန်ုပ်၏မိတ်ဆွေမှ ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကြည်ကြည်နိုင် (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၆၃၆၂ (၁၉-၁၂-၂၀၁၉)**
**တိုက်အမှတ်-၉၂၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်**
**ဖုန်း - ၀၉-၇၉၆၃၁၅၅၆၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၆၉)၊ ၅-လွှာ(ဘီ)ဟုခေါ်တွင်သည့်တိုက်ခန်းကို ပိုင်ဆိုင်သူ ဦးသန့်ဇင်(ကွယ်လွန်)၏ဇနီး ဒေါ်သန်းသန်းဝင်း ၁၁/သတန(နိုင်)၀၅၁၉၇၅ ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကျွန်တော့်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မျိုးလှိုင် ၁၂/လသန(နိုင်)၀၁၈၇၂၂**
**ဖုန်း- ၀၉-၅၁၂၁၈၇၂၊ ၀၉-၉၆၀၀၅၀၇၇၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ စီ-၁၁ လမ်း၊ တိုက်ခန်းအမှတ်(၃၁)၊ အခန်း(၀၀၃)၊ (၅)ထပ်တိုက်(၄)ခန်းတွဲ အဆောက်အအုံ၏ မြေညီထပ်အခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား အရှုပ်အရှင်းကင်းစွာဖြင့် တစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မျိုးမမ (ဘ) ဦးကျော်နီတင် ၁၂/အလန(နိုင်) ၀၀၀၂၄၀ မှ တာဝန်ယူလက်မှတ်ရေးထိုးရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကိုကိုလွင် (ဘ) ဦးမြလွင် ၁၂/ကမတ(နိုင်)၀၅၀၄၉၃ သည် အထက်ဖော်ပြပါ တိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုး၏ ငွေအချို့ကို စရန်ငွေအဖြစ် ၂၀၂၅ ခုနှစ်၊ ၉ လ၊ ၁၄ ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအပေါ်တွင် ပိုင်ရေးဆိုခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၃) ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်နိုင်ထွန်း** | **ဒေါ်နှင်းဝေဖြိုး** |
| **(LL. B, D.B.L, DIPL)** | **LL. B, DBL, DML, DIPL, (DL 101) WIPO** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၃၆၆၉)** | **(စဉ်-၁၆၈၀၁)** |

**Email: thetnainghtoon.law@gmail.com / Phone: 09-5005967**
**လိပ်စာ- အမှတ် (၇၉၁)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**

## လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်/နေရာ** | - (၈-၁၀-၂၀၂၅)ရက်မှ(၁၇-၁၀-၂၀၂၅)ရက်အထိ (ရုံးချိန်အတွင်း)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အမှတ်(၃၉)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ် |
| **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်/နေရာ** | - (၂၀-၁၀-၂၀၂၅)ရက်မှ (၂၂-၁၀-၂၀၂၅)ရက်အထိ (ရုံးချိန်အတွင်း)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အမှတ်(၃၉)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ် |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - (၂၃-၁၀-၂၀၂၅)ရက်၊ နံနက်(၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ အမှတ်(၃၉)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ် |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့**
**ဖုန်း-၀၁-၈၃၇၁၀၆၄**

## မြောက်ဒဂုံ မြေ အကျယ် ၂ ကေခန့် ငှားရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (27/4)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ Pinlon Estate ဝင်းအတွင်း၌ (၂)ကေခန့် ကျယ်သော မြေငှားရမ်းရန် ရှိပါသည်။

ပုဇွန်တောင်ချောင်းအနီးတွင် တည်ရှိပြီး ကျယ်ဝန်း၍သွားလာရလွယ်ကူ သောကြောင့်International Schools, Private Schools, Company ရုံးခန်းများနှင့် Logistics Company များ ဖွင့်လှစ်ရန်အတွက် အထူးသင့်လျော်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၆၃၁၀၃၂၇၊ ၀၉-၇၇၀၅၅၅၈၆၂**

## အများသိစေရန်ကြေညာခြင်း

AUSTRALIA နိုင်ငံတွင်နေထိုင်သူ ကျွန်ုပ်မိတ်ဆွေ Passport PB 3568397 ကိုင်ဆောင်သူ ဒေါ်နှင်းမဥ္ဇူထော် (ဘ) ဦးဖိုးထော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်သည်-

ကျွန်ုပ်မိတ်ဆွေဒေါ်နှင်းမဥ္ဇူထော်သည် Doctor Resident လုပ်ကိုင် နေသော ဂုဏ်သိက္ခာရှိသည့် အမျိုးသမီးတစ်ဦးဖြစ်သည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေအား ဆက်သွယ်ရေးကွန်ရက်များဖြစ်သော Facebook, Telegram, Instragram, Tik Tok စသည်တို့မှ ကျွန်ုပ်မိတ်ဆွေအား အသရေဖျက်၍ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ မဟုတ်မမှန်ဖြန့်ဝေမှုများ ပြုလုပ်နေသော မည်သူ့ကို မဆိုင၎င်းတို့၏ မဟုတ်မမှန်ဖြန့်ဝေမှုများကို ရပ်တန့်ဖျက်သိမ်းပေးရန်နှင့် နောက်နောင်လုံးဝမပြုလုပ်ရန် အသိပေးတားမြစ်အပ်သည်။ အကယ်၍ ကျွန်ုပ်မိတ်ဆွေအား ထိခိုက်နစ်နာစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမှုဆောင်ရွက်သည့် မည်သူ့ကိုမဆို ဆက်သွယ်ရေးဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေ အရလည်းကောင်း တရားစွဲဆိုသွားမည်ဖြစ်ပြီး တရားစရိတ်နှင့် ထိခိုက်နစ်နာမှုများအတွက် နစ်နာကြေးများကိုပါ ကျွန်ုပ်မိတ်ဆွေအား နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် လူမှုကွန်ယက်ကိုအသုံးပြုကာ ပြုမှုဆောင်ရွက်သည့် မည်သူကိုမဆို သတ်မှတ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဖေရယ်ခိုင် (LL.B,D.B.L)** | **ဒေါ်ယမင်းစန္ဒာမြတ်(LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(၁၁၇၁၅/၂၀၁၆)** | **(၅၂၄၉၀/၂၀၂၀)** |
| **ပန်းခင်း(၂)ရပ်ကွက်၊** | **ဗုပ္ပသီရိမြို့နယ်၊ နေပြည်တော်** |
| **ပျဉ်းမနားမြို့၊နေပြည်တော်** | **ဖုန်း-၀၉-၄၀၀၉၉၁၀၀၁** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ သူကြီးစု(၁)၊ အိမ်အမှတ်(၃/၉၁ခ)ဟုခေါ်တွင်သော အရှေ့လားသော်-ဆည်ဘောင်ရိုးလမ်း၊ အနောက်လားသော်-ဒေါ်ထိုက်ထိုက်၊ တောင်လားသော်-ဦးသိန်းဌေးဝင်း၊ မြောက်လားသော်-ဦးထွေးရီ စသည့်အလားလေးရပ်အတွင်းရှိ အရှေ့အနောက်(၁၅)ပေ၊ တောင်မြောက်(၃၃)ပေရှိ ဝိုင်းခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ရောင်းချသူ ဒေါ်သက်ထားအောင် (ဘ)ဦးတင်ထွန်း ၉/ပမန(နိုင်)၁၄၄၃၁၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရဲဦး(ဘ)ဦးတင်ဦး ၉/ပမန(နိုင်)၁၈၆၀၄၅ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲဦး၏ လွှဲအပ်ချက်အရ-**
**ဦးမြင့်ထူးအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၅၅)**
**အမှတ်(၇/၁၈၈)၊ ဒေါနလမ်း၊ ပန်းခင်း(၂)၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၂၀၇၅၉၄၄၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဟာရီးအုပ်စု၊ စီပူရ်ရွာနေ အွှူးပရာကပ်နှင့် ဒန်နဝသီယာတို့၏သား ဟာရေရမ်းသည်မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ၊ မိဘစိတ်ဆင်းရဲအောင်ခွင့်မလွှတ်နိုင်သည့်ကိစ္စများကိုအကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့်လူမှုရေး၊ ငွေရေးကြေးရေးအရှုပ်အရှင်းကိစ္စများအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အွှူးပရာကပ်-ဒန်နဝသီယာ**

## ပျောက်ဆုံးကြောင်း

ပေါက်မြိုင်အုပ်စု၊ ကြို့ပင်သာရွာ၊ လယ်ဝေးမြို့နယ်၊ (ဘ)ဦးမောင်လွင်၏ သမီး မအိတုံ ၉/လဝန(နိုင်)၂၉၈၅၅၄ ၏ နိုင်ငံကူးလက်မှတ် (MH 818008) မှာ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၂၉၆၀၀၀၇**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ဖလေး)ကျောင်း၊ Grade-12မှ မသက်မွန်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၇/ကဝန(နိုင်) ၀၁၂၇၉၉ ဖြစ်ပါကြောင်း။

**ဦးဝင်းလှိုင်**

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ကုန်းသာကျေးရွာနေ ဦးပေါဝင်း၏သမီး မတင်သန္တာဝင်း ၅/ကနန(နိုင်)၁၀၉၄၆၄၏ နိုင်ငံကူးလက်မှတ်နံပါတ် (MF-877699) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၄၈၄၆၁၉၅**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ အထက ကျွန်းကလေး Grade-12 B မှ မဝေဝေထူး၏ ဖခင်အမည်မှန်မှာ ဦးစိန်မြသိန်း ၉/ပဘန(နိုင်)၀၂၆၉၇၄ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ နယ်မြေ(၄)၊ မြောင်းမြလမ်း၊ အိမ်အမှတ်(၃)တွင် နေထိုင်သော ဒေါ်လှလှ ၁၃/မဆတ(နိုင်)၀၀၈၂၂၅ နှင့် အေးလှမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်လှလှ(ခ)အေးလှ**

## အမည်မှန်၊ ဖခင်အမည်မှန်

ရွှေညောင်မြို့၊ စံမြင့်မိုရ်ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း၊ Grade-12 မှ နော်အယ်ဘလုမူး၏ အမည်မှန်မှာ နော်အယ်ဘလူမူးဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ စောထွန်းအောင်လင်း ဖြစ်ပါကြောင်း။

## ရောင်းချရန်ကြော်ငြာစာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆**

**မရမ်းကုန်းခရိုင်တရားရုံးတော်၌**

**၂၀၂၄ခုနှစ်၊ ဇာရီမှုအမှတ်- ၁၁၉**

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် **နှင့်** ၁။ ဦးမောင်မောင်သင်
(၎င်းကိုယ်စားဦးကျော်ကျော်ထက်၊ ၂။ ဒေါ်အေးအေးမြင့်
Assistant Vice President) (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်သင်)

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ယခင်ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် -၄၃၄/၂၀၂၂ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ နံနက်(၁၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ ၈၊ ၉၊ ၁၀(သမိုင်း)၊ လူနေရပ်ကွက်အမှတ် - သီရိမွန်-၂၊ မြေကွက်အမှတ်-၁၉၁၊ ဧရိယာ ၀.၁၁၁မ၁၂၀ ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့်ယင်း မြေပေါ်တွင် ဆောက်လုပ်ထားရှိသော အမှတ်(၄)၊ သီရိမွန်ပလာဇာ(၈)လမ်း(၁)ရပ်ကွက် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေးကျပ်သိန်း(၂၀၀၀၀) (ကျပ်သိန်းနှစ်သောင်းတိတိ)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(ရဲကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၁၆၇၄)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဒေါ်မာမာဆွေ (J/RGN-၀၂၀၅၅၁) အမည်ပေါက် ပါမစ်(မူရင်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဝင်းဝင်းမော် (ဘ)ဦးမောင်လှ ၁၂/တမန(နိုင်)၀၈၈၀၅၆ မှ ယနေ့အချိန်အထိ မိမိသာလျှင် လက်ဝယ်လက်ရှိ ပိုင်ဆိုင်၍အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်တင်ဇာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၇၈၃၅၃၅၀၀၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ရေအေးကွင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈-ခ)/ဘုရားဖြူရပ်၊ ဦးပိုင်အမှတ်(၂၃-က)၊ မြေကွက်အမှတ်-၂၁၊ ဧရိယာ၀ဒသမ၀၈၆ဧကရှိ အိမ်မြေဥပစာ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးစိုင်းထွန်းအောင် ၁၃/လခတ(နိုင်)၀၀၅၆၃၇ အမည်ဖြင့် တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဂရန်အမှုတွဲအမှတ်-၁၃/၂၀၀၁အရ အမည်ပေါက်ပိုင်ဆိုင်ထားပြီး ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသက်ဦး ၁၂/ကမရ(နိုင်)၀၂၈၈၅၈ မှ အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၅)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသက်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်နန်းဖစ်မွန်း (LL.B., LL.M.)** | **ဒေါ်မေခိုင်ထွန်း (LL.B.)** | **ဒေါ်မေဖူးလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |
| **(စဉ်-၈၆၂၅/၂၀-၁၂- ၂၀၁၂)** | **(စဉ်-၅၄၃၁၄/၉-၄ -၂၀၂၁)** | **(စဉ်-၅၄၅၃၇/၂၅-၁၁-၂၀၂၁)** |

**အခန်း(၃၅)၊ အ.လ.က (၁၁)တိုက်တန်း၊ ဘုရင့်နောင်လမ်း၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့**

❖ **မိမိတို့နိုင်ငံ၏ ထူးခြားသော ဝိသေသမှာ တိုင်းရင်းသား လူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်း လုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင် ဖြစ်ပါသည်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် ငါးဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၂၉

**နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင်ငါးဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။**



အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများ ကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်နှင့်

*စာမျက်နှာ ၂၀ ကော်လံ ၁* ✻

**ယနေ့ သတင်းအညွှန်း**

**အပူပိုင်းမုန်တိုင်း ဘူအလွိုင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်ဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်**

ပြည်တွင်းသတင်း | စာ ၁၂



**ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် ၂၇ ဦးသေ၊ ၁၆ ဦးပျောက်ဆုံး**

နိုင်ငံတကာသတင်း | စာ ၁၄

**တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များနှင့်ရေယာဉ်များ ဖမ်းဆီးရမိ**



ပြည်တွင်းသတင်း | စာ ၂၀




ဘာစီလိုနာတိုက်စစ်ကစားသမား ရက်ဖ့်ဒ် ဆိုစီဒက်အသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်ကစားစဉ်။

# ဘာစီလိုနာက ဆိုစီဒက်ကို အနိုင်ယူပြီး အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်

စပိန်လာလီဂါပွဲစဉ် (၇) မှ စက်တင်ဘာ ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် နာမည်ကြီး ဘာစီလိုနာနှင့် ဆိုစီဒက်အသင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက အကြိတ်အနယ်ကစားကာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

*စာမျက်နှာ ၂၀ ကော်လံ ၁* ●